# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လဆန်း (၁၃) ရက် ၊ တနင်္လာနေ့ ၊ (25-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၇၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော် ချီးမွမ်းခြင်းအခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင် (၁)ရပ်ကွက်ရှိ စိန့်မိုင်ကယ် ကက်သလစ်ဘုရားကျောင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီနယ်မြေခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော် ဒေါက်တာတင်မောင်အေးနှင့် ခရစ်ယာန်ဘာသာ ဘုန်းတော်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ခရစ်ယာန်ဘာသာဝင် ဆရာတော်ကြီးများနှင့် ဆရာတော်များ၊ သီလရှင်များ၊ ကက်သလစ်လူငယ်အဖွဲ့များ၊ ခရစ်ယာန်ဘာသာဝင်ရပ်မိရပ်ဖများနှင့်အတူ "တိတ်ဆိတ်ညသန့်ရှင်းညကျူး" ဓမ္မသီချင်းကို ရပေါင်းသံပြိုင်သီဆိုချီးမွမ်းကြစဉ်။




ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်
အယ်ဒီတာ့အာဘော်

# ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲများတွင် ပါဝင်ဆင်နွှဲ

ဒီဇင်ဘာလသည် ဆောင်းကာလဖြစ်သောကြောင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် အားကစားပွဲများကို ကျင်းပလေ့ရှိသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုသည့် ကျန်းမာစေသော အကြောင်းအရာများထဲတွင် ဥတုဟူသောအချက်လည်း ပါဝင်ပေရာ အေးမြသောရာသီဥတုအချိန်အခါဖြစ်သည့် ဒီဇင်ဘာလတွင် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားခြင်းနှင့် လမ်းလျှောက်ခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

ရာသီဥတုအေးမြမှုမရှိသော သာမန်ကာလများတွင် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ထုံကျဉ်ညောင်းညာကိုက်ခဲခြင်းများဖြစ်တတ်ပေသည်။ ယခုကဲ့သို့ အေးမြသော ဆောင်းကာလတွင် ကိုယ်လက်လှုပ်ရှားမှုမရှိပါက ညောင်းညာကိုက်ခဲခြင်းများ ပိုမိုဖြစ်ပွားစေမည်ဖြစ်သည်။ ထို့ပြင် နှာစေး၊ ချောင်းဆိုး၊ ဖျားနာခြင်းနှင့် အခြားသောရောဂါများ ဝင်ရောက်လာနိုင်သကဲ့သို့ ရောဂါအခံရှိသူများအနေဖြင့်လည်း ရောဂါပိုဆိုးရွားစေသည်။ ထို့ကြောင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းစီမှ အစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာအားကစားလောက အဆင့်အတန်းမြင့်မားစေရေးအတွက် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲများ ဆင်နွှဲနေခြင်းဖြစ်ပေသည်။

အဆိုပါလူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုများပါ ပါဝင်ဆင်နွှဲကြသည်။ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း လူထုစုပေါင်းလမ်းလျှောက်ပွဲများကို ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆင်နွှဲကြသည်။

လမ်းလျှောက်ခြင်းသည် လေကို သာမန်ထက်ပိုပြီး ရှူရှိုက်ရသောကြောင့် အသက်ရှူအင်္ဂါများ အလုပ်ပိုလုပ်လာစေကာ နှလုံးမှတစ်ဆင့် ခန္ဓာကိုယ်အနှံ့ကို သွေးပို့လွှတ်အား မြန်ဆန်ကောင်းမွန်လာပြီး နှလုံးခုန်နှုန်းကို ထိန်းညှိပေးသည်။ ထို့ကြောင့် သွေးကိုကျဲစေကာ သွေးခဲပိတ်ဆို့မှုများ မဖြစ်ပွားစေသည့်အပြင် သာမန်လူတို့ထက် သက်လုံပိုကောင်းပြီး အမောခံနိုင်ခြင်း၊ အဆီလျော့ကျကာ အဝမလွန်အောင် ထိန်းပေးခြင်း၊ ဦးနှောက်နှင့် အာရုံကြော အားကောင်း၍ ဉာဏ်ရည်ထက်မြက်စေခြင်း စသောအကျိုးတရားများကို ရရှိနိုင်ပေသည်။

ထို့ကြောင့် ဒီဇင်ဘာလတွင်ကျင်းပသည့် လူထုအားကစားလှုပ်ရှားမှုများနှင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများကို လူတိုင်းအလေးထားကာ ပါဝင်ဆင်နွှဲသင့်ပေသည်။ မျက်မှောက်ခေတ်ကမ္ဘာ့နိုင်ငံအများစုတွင်လည်း နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံ၏ အားကစားအဆင့်အတန်းမြင့်မားရေးအတွက် လူထုအားကစားလှုပ်ရှားမှုများ အကောင်အထည်ဖော်ဆောင်ရွက်နေကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း လူထုအားကစားလှုပ်ရှားမှုများနှင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများ ဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်ရာ ဒီဇင်ဘာလသည် အေးမြသည့်ကာလဖြစ်သောကြောင့် လူထုအားကစားလအဖြစ် သတ်မှတ်ပြီး လူထုအားကစားလှုပ်ရှားမှုနှင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများ ဆင်နွှဲကြသည်။ ထို့ကြောင့် လူတိုင်းအနေဖြင့် ကိုယ်လက်ကျန်းမာကြံ့ခိုင်ပြီး သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် အဆိုပါလှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၃၀၀၇၃၅ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့မှာဆိုရင် ဝေဠုဝနကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးအများအပြားလာရောက် ဖူးမြော်ကြပါတယ်။ အမောပြေ သောက်သုံးနိုင်ဖို့လဲ ရေသန့်တွေ ပြုလုပ်ပေးထားပါတယ်။ လိုဏ်ဂူတော်အတွင်းကိုလဲ ဘုရားဖူးတွေ ဝင်ရောက်လေ့လာကြပါတယ်။ ဈေးဆိုင်ခန်းတွေလဲ ဖွင့်လှစ် ရောင်းချနေပါတယ်။ ဘုရားဖူးတွေကလဲ အိမ်ပြန်အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူနေကြပါတယ်။ အခါကြီးရက်ကြီးတို့၊ လပြည့်၊ လကွယ်တို့ဆိုရင် ဘုရားဖူးဦးရေ ပိုတိုးပါတယ်"ဟု ဝေဠုဝနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ဦးရေ ၂၈၅၀ လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၉၆၆၄၇ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၂၃၈ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် အေးကျွန်းကျေးရွာ၌ ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်လည်ပတ်မှု များပြားလာ

**မန္တလေး ဒီဇင်ဘာ ၂၄**

ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် အေးကျွန်းကျေးရွာ၌ ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်လည်ပတ်မှု များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ အေးကျွန်းကျေးရွာတွင် ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများကို ခရီးသွားများက စိတ်ဝင်စားမှုများပြားကြောင်း သိရသည်။

"အခု အေးကျွန်းကျေးရွာကို လည်ပတ်တဲ့ ခရီးသွားတွေကလဲ ဧရာဝတီမြစ် မတ္တရာမြို့နယ်အတွင်းမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေကို သွားရောက်ကြည့်ရှုတာတွေလဲ ရှိပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မတ္တရာမြို့နယ် အေးကျွန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေမှာ ဒီဇင်ဘာလ ဒုတိယပတ်က တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်သာရှိခဲ့သော်လည်း ဒီဇင်ဘာလ တတိယပတ်မှစ၍ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ကျေးရွာများမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်တွင် မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ် ကောင်းလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များကို ကုန်သည်များက အဝယ်ပြန်လိုက်လာကြောင်း၊ ထိုသို့ ဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းလာပြီး ပြည်ပကပါ ဝယ်ယူမှု များပြားလာခြင်းကြောင့် ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"ပြောင်းဖူး(ဗမာ)ကို ပြည်တွင်းဈေးကွက် မန္တလေး၊ ရန်ကုန်နဲ့ တောင်ကြီး စတဲ့မြို့တွေမှာ အခုလတ်တလော ကုန်သည်တွေဝယ်ယူမှုပြန်များလာတယ်။ ဒါကြောင့် မန္တလေး ဈေးကွက်အတွင်းမှာ ပြောင်းဖူး(ဗမာ) အရောင်းအဝယ် ပြန်ကောင်းလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဒီဇင်ဘာ ၂၃ ရက် ပေါက်ဈေးအရ ပြောင်းဖူး(ဗမာ) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၂၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ယခုလက်ရှိ ပြောင်းဖူး(ဗမာ)များကို ထိုင်း၊ ဖိလစ်ပိုင်၊ အိန္ဒိယ စသည့်နိုင်ငံများက ဝယ်ယူမှုများရှိကြောင်း သိရသည်။

"မန္တလေး ကုန်စည်ဒိုင်ထဲမှာတော့ အခုနောက်ပိုင်း ပြောင်းဖူး(ဗမာ) အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ ပြန်ပြီးများလာတယ်။ အခြား ရန်ကုန်၊ တောင်ကြီး စတဲ့ မြို့ကြီးတွေမှာလဲ ပြောင်းဖူး(ဗမာ) အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ ပြန်ပြီးများလာပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ချစ်ခြင်းမေတ္တာ ဖွဲ့ကဗျာ

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

မိုးအကုန် ဆောင်းအကူး ဆောင်းဦးပေါက်ရာသီသည် မြန်မာပြည်အတွက် နွေလိုလည်းမပူပြင်း၊ မိုးလိုလည်းမစိုစွတ်၊ ခြေခင်းလက်ခင်းသာသည်။ အညာဒေသတွင်စိုက်ပျိုးသော ပဲအမျိုးမျိုး ကောက်ပဲသီးနှံများ ပေါ်ချိန်ဖြစ်သကဲ့သို့ ကောက်စော၊ ကောက်လျှင်စပါးတချို့လည်း ဝင်းမှည့်ကြပေပြီ။ စိုက်ပျိုးရေးအဓိကလုပ်ကိုင်ပြီး ဝင်ငွေရှာဖွေကြရသော ကျေးလက်နေ တောသူတောင်သားများ ငွေပေါ်သောအချိန်ရာသီဖြစ်သည်။ သွားရလာရခြေခင်းလက်ခင်းသာကြသည်။ လက်ထဲမှာလည်း အသီးအနှံရောင်းချ၍ရသောငွေကြေးလေးများရှိနေသည်။ မြောက်ပြန်လေလေးနှင့်အတူ သာယာလှပသော ရာသီကာလတွင် ဒေသအလိုက် ဘုရားပွဲ၊ ကထိန်ပွဲ၊ ရှင်ပြုအလှူပွဲ၊ လက်ထပ်မင်္ဂလာပွဲများဖြင့် ဒေသအလိုက် အသံချဲ့စက်သံ၊ ဆောင်းဘောက်သံ၊ ဆူဆူညံညံနှင့် လူအများမှာ စိတ်ရွှင်မြူးတက်ကြွနေကြသော အချိန်အခါဖြစ်ပေတော့သည်။ ပျော်ပွဲရွှင်ပွဲများ မြိုင်ဆိုင်သည်။

တန်ဆောင်မုန်းလအကုန် နတ်တော်လဆန်း ၁ ရက်သည်ကား မြန်မာတစ်ပြည် မြန်မာလူမျိုးမှာသာ ရှိပုံရသော ထူးခြားသည့်နေ့တစ်နေ့ရှိလေသည်။ **"စာဆိုတော်နေ့"**တဲ့။ ၁၉၄၈ ခုနှစ်မှ လွတ်လပ်ရေးရသော အမိမြန်မာပြည်ထက်ပင် ပိုစောသော ၁၉၄၄ ခုနှစ်က စတင်ပေါ်ပေါက်ခဲ့သည်။ နိုင်ငံတော်အစိုးရ အဆက်ဆက်သည် ရှေးရှေးကာလ မြန်မာဘုရင်မင်းများလက်ထက်က ပညာရှိစာဆိုကဝိများကို ချီးမြှင့်မြှောက်စားခဲ့ကြသည့်နည်းတူ စာဆိုတော်နေ့မှာ စာရေးဆရာများကို ထိုက်တန်စွာ ဆုများဂုဏ်ပြုချီးမြှင့်လေ့ရှိပါသည်။

စာရေးဆရာ၊ သတင်းစာဆရာ သက်ကြီးရွယ်အိုများကိုလည်း အစိုးရနှင့် စာပေဆိုင်ရာအသင်းအဖွဲ့များက ဖိတ်ကြားပြီး ပူဇော်ကန်တော့ကြသည်။ ဂါရဝပြုကြလေ့ရှိသည်။ စာရေးဆရာများကလည်း စာဆိုတော်ရာသီတွင် မြို့ရွာအလိုက်ဖြစ်စေ၊ စာပေမြတ်နိုးသူများက စုပေါင်း၍ဖြစ်စေ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ ရုံးဌာနများ၊ တက္ကသိုလ်ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများကဖြစ်စေ အဆင်ပြေရာစာရေးဆရာများကို ဖိတ်ကြားကာ စာပေဟောပြောပွဲများ ကျင်းပပြုလုပ်လေ့ရှိသော အချိန်အခါရာသီပေတည်း။

**ဟောပြောပွဲ**

စာပေဟောပြောပွဲတွင် ဟောပြောကြသော ခေါင်းစဉ်များကမူ စာရေးဆရာနှင့် ဒေသခံပရိသတ်တို့ နှစ်သက်သဘောကျရာ ဟောပြောလေ့ရှိကြသည်။ စာပေရေးရာကို ရသအနုပညာဖြင့် ထုံမွမ်းကာ ပရိသတ်ခံစားနှစ်သက်အောင် ဟောပြောသူလည်းရှိ၊ ရသမပါလှဘဲ သုတများများဟောပြောသွားကြသူများလည်းတွေ့ရ၊ စာရေးဆရာအမျိုးမျိုးက မိမိကျွမ်းကျင်ရာကို ဟောပြောတင်ပြလေ့ရှိခဲ့ကြသည်။ ပရိသတ်လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ မိမိယုံကြည်ရာ၊ ထင်ရာမြင်ရာကို စာပေစင်မြင့်ပေါ်တွင် နိုင်ငံရေးအလေးကဲပြီး ဟောပြောသူတချို့လည်းရှိခဲ့လေသည်။ အခြေအနေအချိန်အခါနှင့် မဆီလျော်သော ဟောပြောသူများကို ပရိသတ်က အလိုမရှိကြချေ။

ပရိသတ်အလိုအကြိုက်ချည်း လိုက်နိုင်ရန်မလိုသော်လည်း ပရိသတ်အတွက် အကျိုးရှိစေမည့်၊ ကောင်းကျိုးများမှာသေချာသည့် အကြောင်းအရာအချက်အလက်မျိုးကို ပရိသတ်က နှစ်သက်ကြလေသည်။ စာပေဟောပြောပွဲသည် ဓမ္မာရုံလည်းဖြစ်ချင်ဖြစ်သည်။ ဟောခန်းမလည်းဖြစ်ကောင်းဖြစ်မည်။ ကွင်းပြင်လည်းဖြစ်ချင်ဖြစ်သည်။ မီး၊ အသံချဲ့စက်၊ ထိုင်ခုံ၊ စင်မြင့်၊ ကျကျနနပြည့်ပြည့်စုံစုံ ကြိုရသည့်အခါလည်းရှိသည်။ ပီပါလေး၊ ငါးလုံးပေါ်တွင် ဝါးကပ်သုံး၊ လေးချပ်တင်ပြီး စင်ထိုးပေးထားခြင်းလည်းရှိတတ်သည်။ နောက်ခံပိတ်ကားပေါ်တွင် စာလုံးကြီးများ ခမ်းခမ်းနားနား ဖောင်းကြွဖော့စာလုံးများနှင့် ရေးထားသည်များရှိတတ်သကဲ့သို့ ဘာမှရေးမထားသော ဘုန်းကြီးကျောင်းမှယူလာပြီး နောက်ခံလုပ်ထားသည့် ကန့်လန့်ကာမျိုးလည်း တွေ့ရဖူးသည်။ အရပ်ဒေသအလိုက်၊ စင်မတူ၊ ပရိသတ်မတူ၊ ပရိသတ်၏ စာပေဟောပြောပွဲအပေါ် ထားရှိသော သဘောထားအမြင်လည်း မတူကြပေ။

အခြေအနေအမျိုးမျိုးနှင့် ပရိသတ်အမျိုးမျိုးရှိတတ်သောသဘာဝတွင် စာရေးဆရာသည် ယေဘုယျလက္ခဏာအကြောင်းအရာနှင့် ဝိသေသလက္ခဏာလည်းပါသော အချက်အလက်များကို ထိုပွဲနှင့် ဆီလျော်ကိုက်ညီအောင် မျှတစွာဟောရပြောရသည်။

**စာပေအရသာ**

မိမိကတော့ မြို့ရောတောပါ၊ အထက်အညာရော အောက်အကြေရော၊ တောင်ပေါ်မြေပြန့်မရွေး ကောင်းကျိုးရစေမှာသေချာသော ဂန္ထဝင်ကဗျာတချို့ကို ကောက်နုတ်ကိုးကား၍ ဟောပြောတင်ပြလေ့ရှိပါသည်။ မြူးမြူးကြွကြွကြီးမဟုတ်လှသော်လည်း ခြောက်ခြောက်ကပ်ကပ်တော့လည်း မဖြစ်စေရပါ။

**❖ ကိုယ့်မေတ္တာကို ပေးအပ်သည်မှလွဲ၍ ဘာဆိုဘာမှ ရယူပိုင်ဆိုင်လိုခြင်းမျိုးမရှိ။ မိမိမြတ်နိုးသူကို တင့်တင့်တယ်တယ် လှလှပပမြင်နေရလျှင် ပြုံးရယ်ရွှင်ပျ မိမိဘဝလည်း ကျေနပ်ကြည်နူးနိုင်ပါသည်။ တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက်၊ ငယ်စဉ်ကပင် ကစားဖော်သူငယ်ချင်း၊ လယ်အတူသွား၊ စပါးအတူစိုက်၊ ကောက်စိုက်ပျိုးနုတ်၊ လယ်ကွင်းထဲမှာပဲ အတူကြီးပြင်းအရွယ်ရောက်ခဲ့ကြသူချင်း။ တစ်နေ့က ခရေပင်ကြီးအောက် အတူတကွလျှောက်ခဲ့ကြစဉ် "ခရေကုံးလေးပန်ရလျှင် ကောင်းမည်" ထင်သည်ဟု သူကပြောလိုက်သည်။ ❖**

ဥပမာ- **ဆရာဇော်ဂျီ (၁၉၀၇-၁၉၉၀)**

ဆရာဇော်ဂျီ၏ **"ရှေးဓေတ်ပုဂံပြည်"**

ဆရာဇော်ဂျီ၏ **"သင်သေသွားသော်"**

ဆရာဇော်ဂျီ၏ **"ဗေဒါလမ်း၊ ပန်းပန်လျက်ပဲ"**

ဒေသမရွေး၊ အလွှာမရွေး၊ အချိန်မရွေး အနက်အဓိပ္ပာယ်ရော ရည်ရွယ်ချက်ပါ မိမိတို့နှစ်သက်သဘောကျသကဲ့သို့ ပရိသတ်လည်း ခံစားချက်တစ်ထပ်တည်းကျစေပါ၏။

ဆရာမင်းသုဝဏ်၏ ကဗျာများအနက်မှ မိမိခံစားထိတွေ့ရမှု အသက်ဝင်သော အောက်ပါကဗျာများကို ကောက်နုတ်ကိုးကားပြီး မြင်ယောင်ကြားယောင်အောင် ဇာတ်ကြောင်းဇာတ်ကွက်ခင်းပြလိုက်၊ ကဗျာလင်္ကာလေးကို ရွတ်ဆိုပြလိုက်။ စာပေဟောပြောသူနှင့်အတူ ပရိသတ်လည်း လမိုင်းကပ်စွာ စိတ်ချင်းတစ်ထပ်တည်းကျအောင် ဆွဲဆောင်ခေါ်ယူနိုင်ပါ၏။

ကိုယ့်မေတ္တာကို ပေးအပ်သည်မှလွဲ၍ ဘာဆိုဘာမှ ရယူပိုင်ဆိုင်လိုခြင်းမျိုးမရှိ။ မိမိမြတ်နိုးသူကို တင့်တင့်တယ်တယ် လှလှပပမြင်နေရလျှင် ပြုံးရယ်ရွှင်ပျ မိမိဘဝလည်း ကျေနပ်ကြည်နူးနိုင်ပါသည်။ တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက်၊ ငယ်စဉ်ကပင် ကစားဖော်သူငယ်ချင်း၊ လယ်အတူသွား၊ စပါးအတူစိုက်၊ ကောက်စိုက်ပျိုးနုတ်၊ လယ်ကွင်းထဲမှာပဲ အတူကြီးပြင်းအရွယ်ရောက်ခဲ့ကြသူချင်း။ တစ်နေ့က ခရေပင်ကြီးအောက် အတူတကွလျှောက်ခဲ့ကြစဉ် "ခရေကုံးလေးပန်ရလျှင် ကောင်းမည်"ထင်သည်ဟု သူကပြောလိုက်သည်။ ပြုံးစစနှင့်။ နှစ်ဦးသား မျက်လုံးချင်းဆုံတော့ "နင်ချူးသီပေးပါလား၊ ခရေကုံးလေးများ"ဟု ပြောနေသယောင်ယောင်။

**ခရေဖူး**

ထို့ကြောင့် တစ်ညနေမှာ ခရေဖူးလေးများ ခူးလာပြီး ရေဆွတ်ထားသောပဝါလေးဖြင့်ထုပ်၊ တစ်ညသိပ်။ နံနက်စောစော၌ ခရေဖူးလေးများ ဖွေးဖွေးလွလွ ကောင်းစွာပွင့်လာကြပြီမို့ အပ်ချည်ကြိုးနှင့်သီကုံး။ မိန်းကလေးရှိရာ အိမ်ရှေ့အရောက်။ ခြံစည်းရိုး ပုဏ္ဏရိုက်ပင်လေးဘေးမှ လှမ်းကြည့်လိုက်တော့ သူ့ခေါင်းမှာ နှင်းဆီပွင့်ပန်ထားပါပြီကောလား။ ရင်ထဲမှာ ဟာသွားသည်။ သို့သော် ဂုဏ်မြင့်ရန်ကောဟု ဒေါသမဖြစ်မိ၊ ဂုဏ်ဆင့်တယ်ပေါ့လေဟု အငေါ်မတူးပါ။ ဂုဏ်ဝင့်ပါပေရဲ့၊ ဂုဏ်ထည်တယ်ကွာဟု မတွေးမိပါ။ ဂုဏ်တင့်ပါပေတယ်ဟု ကျေနပ်ကြည်နူးနိုင်သော မွန်မြတ်သော ချစ်မေတ္တာ။

ရန်ကုန်တက္ကသိုလ်မှာ စာသင်ဖက်အတန်းဖော်ကျောင်းသူချောချော သူငယ်ချင်းမိန်းကလေးသည် ထုတ်ဖော်မပြောကြသော်လည်း နှလုံးသားချင်းတော့ နားလည်ခဲ့ကြသည်။ သူသည် ရာထူးရာခံမြင့်သော ပုဂ္ဂိုလ်တစ်ဦးနှင့် ကြင်ဖက်သက်နှံဖူးစာဆုံသွားခဲ့သည်။

ကိုဝဏ်ခမျာ **"ဘကြီးအောင်ညာတယ်"** ဆိုသော ရင်တွင်းမှစီးဆင်းလာသည့် အလွမ်းသင်္ကေတဝတ္ထုတိုလေး ရင်ဖွင့်၍ရေးချမိသကဲ့သို့ **"နှင်းဆီပွင့်"**ဆိုသည့် ဤဒွေးချိုးလင်္ကာလေးကိုလည်း ခံစားသီကုံးမိလေသည်။

**လယ်တောကအပြန်၊**
**ပန်ချင်တယ်ခရေဖူးဆိုလို့**
**မောင်ခူးကာပေး။**
**မနက်တုန်းဆီက**
**ကျော့ဆုံးကိုမောင်မြင်တော့**
**သူ့ဆံပင်နှင်းဆီပွင့်ရယ်နဲ့**
**ဂုဏ်တင့်တယ်လေး။**

ဤကဗျာလေးကိုပင် တေးသီချင်းအဖြစ် စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ မောင်ဝဏ္ဏက **"နေခြင်းတမြေ့မြေ့"** ရုပ်ရှင်ဇာတ်ကားဝယ် မင်းသားနှင့် မင်းသမီးနှစ်ပါးကြည် မောင်မယ်ပျော်ရွှင်ကြည်နူးခန်းလေးမတိုင်မီ နိမိတ်ပုံပြ၍ လွမ်းလွမ်းဆွေးဆွေး (ပလွေသံ နောက်ခံအေးအေးနှင့်) မင်းသားသုမောင်က ဆိုပြီးမှ လာပါမေပုလဲ. . . အစချီမြန်မာဆိုင်းဝိုင်းဖြင့် မြန်မာသံမြူးမြူးကြွကြွအရုပ်များကလည်း ကခုန်သကဲ့သို့ ပြေးလွှားပြ၊ သီချင်းကလည်း မြိုင်ဆိုင်လှပ။

**ချစ်ခြင်းသီဖွဲ့**

ဝေးရတော့မည် ဆွေးရတော့မည်ဆိုသော အငွေ့အသက်ကလေးထည့်ရာမှာ ခရေဖူးလေးကို ခရေပန်းကုံးအဖြစ် ယုယုယယသီကုံးခဲ့ရှာသော မောင်တစ်ယောက် ငေးလျက်ကျန်ရစ်ရင်း "နှင်းဆီပွင့်နဲ့ ဂုဏ်တင့်ပါတယ်"ဟု အချစ်မပြယ်ရှာသူ၏ ချစ်မေတ္တာထုထည်ကြီးမားပုံကို ကြည့်ရ၊ မြင်ရ၊ ကြားရသူအတွက် ရင်ခုန်ကြေကွဲမိပါ၏။ ဘာပဲဖြစ်ဖြစ် ချစ်ခြင်းမေတ္တာဖွဲ့ကို အသက်အရွယ် ၂၀ ကျော်က ကဗျာဆရာ မင်းသုဝဏ်သည် ဂန္ထဝင်တွင်အောင် အနုပညာလက်ရာအဖြစ် ဖန်တီးနိုင်ခဲ့ပေသည်။ စာပေဟောပြောပွဲ ပရိသတ်နှင့် ရင်ဘတ်ချင်းထိကပ်သွားအောင် ပြော၍ကောင်းသည်။

**ဆရာကြီးမင်းသုဝဏ် (၁၉၀၉-၂၀၀၄)** အသက်အရွယ် ၅၀ ကျော်မှာ ငွေတာရီမဂ္ဂဇင်းသို့ ကြေကွဲစရာကောင်းသော ကဗျာတစ်ပုဒ်ရေးဖွဲ့ပေးပို့ခဲ့ဖူး၏။ အင်းဝခေတ်မြန်မာစစ်ခေါင်းဆောင် အသက် ၃၀ တောင် မပြည့်သေးမီ စစ်မြေပြင်ဝယ် ဒဏ်ရာဖြင့် သုံ့ပန်းဘဝကျရောက်ရစဉ် ရေတစ်မှုတ်လည်းမသောက်တော့၊ ကွမ်းတစ်ယာပေးလည်း မငုံတော့၊ ဆေးတိုက်ပါသော်လည်း မသောက်တော့၊ အသက်အသေခံသွားသော မြန်မာစစ်သူကြီး (ဘုရင်မင်းခေါင်၏သားတော်) မင်းရဲကျော်စွာအကြောင်း ဖွဲ့ဆိုခဲ့ခြင်းပါတကား။

**မင်းရဲကျော်စွာ**

လှံမားဝိုးဝင်း၊ စစ်မြေခင်းတွင်
ဆင်မြင်းရံလျက်၊ ထိုနေ့က။
နေပြည်ရှိရာ၊ မျှော်ရှုကာလျှင်
အနာသည်းလည်း၊ ခံသည်းညည်းနှင့်
မညည်းမညူ၊ ကိုယ်ကိုထူလျက်
ယာမူရွှေမား၊ ဝဲရွှေလွှားနှင့်
အားပြုမှီတင်း၊ နေသည့်ခိုက်။
ငါရှိပေလျက်၊ ပြည်ကိုဝက်၍
နန်းထက်မင်းမူ၊ ငါ၏တူ-ဟု
နိုင်သူမင်းက ဖိတ်ခေါ်သည်။
ဘကြီးတော်ယှဲ့၊ ကျေးဇူးငဲ့လည်း
တိုင်းပြည်မဲ့သူမဟုတ်ပါ-တဲ့။
သမီးတော်နှင့်၊ ဥကင်ဖွင့်၍
အသင့်မင်းမူ၊ ငါ၏တူ-ဟု
နိုင်သူမင်းက ဖိတ်ခေါ်သည်။
ဘကြီးတော်ယှဲ့၊ ကျေးဇူးငဲ့လည်း
မယားမဲ့သူ မဟုတ်ပါ-တဲ့။
သားတော်ရင်နှစ်၊ သားရင်းစစ်သို့
ထီးလှစ်မင်းမူ၊ ငါ၏တူ-ဟု
နိုင်သူမင်းက ဖိတ်ခေါ်သည်။
ဘကြီးတော်ယှဲ့၊ ကျေးဇူးငဲ့လည်း
ဖခင်မဲ့သူမဟုတ်ပါ-တဲ့။
ငါ၏ထံမှောက်၊ ဆေးဝါးသောက်၍
ထမြောက်ခါမူ၊ ပြန်လေတူ-ဟု
နိုင်သူမင်းက ဖိတ်ခေါ်သည်။
ဘကြီးတော်ယှဲ့၊ ကျေးဇူးငဲ့လည်း
သေခြင်းမဲ့သူ မဟုတ်ပါ-တဲ့။
လှံမားကိုလှဲ၊ စစ်မြေတဲ၌
မင်းရဲကျော်စွာ၊ စေတီသာကို
ရာဇာဓိရာဇ်၊ ရေစက်ချလျက်
အမျှယူလေ၊ သုံးကြိမ်ဝေသည်။
မြိုင်ခြေ ဒလ တောကြီးတန်း။

**မင်းသုဝဏ်(၁၉၆၈၊ ဇွန်၊ ငွေတာရီမဂ္ဂဇင်း)**

**ဂုဏ်ပြုခဲ့**

လွန်ခဲ့သောနှစ်ပေါင်း ၅၅ နှစ်က ဆရာကြီး ၅၉ နှစ်အရွယ်မှာ ရေးဖွဲ့ခဲ့သော ဤစာကား သူရဲကောင်းစစ်သူကြီး မင်းရဲကျော်စွာ၏ အညံ့မခံ အလံမလှဲ၊ အသေခံရဲဝံ့ခဲ့ပုံ၊ ဂန္ထဝင်မျိုးချစ်ဂုဏ်ပြုကဗျာ။ စာရေးဆရာ၊ စာဆိုများသည် လက်နက်ကိုမကိုင်ခဲ့ကြပါသော်လည်း ကိုယ့်တိုင်းပြည်အပေါ် သစ္စာရှိသော၊ ကိုယ့်လူမျိုးကို ချစ်မြတ်နိုးသော၊ အသက်စွန့်ကာ ရဲဝံ့သတ္တိပြည့်ဝကြသည့်စစ်ခေါင်းဆောင် ရှေးရှေးမြန်မာသူရဲကောင်းများကို အလေးပြုဂုဏ်တင်ဖွဲ့ဆိုခဲ့ကြသည်ဟူသော နမူနာ။

ဤမျှမကပါ။ ဆရာကြီးမင်းသုဝဏ်သည် စာဖတ်သူကို ရင်တွင်းဆို့နင့်သွားကာ မျက်ရည်ဝဲစေလောက်သော အောက်ပါသူရဲကောင်းဂုဏ်ပြုကဗျာလင်္ကာများကို ရေးဖွဲ့ခဲ့ပါသေးသည်။ ဥပမာဖော်ပြပါရစေ။ **မျဉ်းမငှတ်တို** (၁၁. ၁. ၁၉၄၉)၊ **ဖိုးမောင်လာပြီ** (မြဝတီမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၆၃)၊ **သူမှာတမ်း** (၈. ၂. ၁၉၆၃)

**နိဂုံး**

စာဆိုများ၊ စာရေးဆရာများသည် သူရဲကောင်းများကိုချစ်ကြသည်။ လေးမြတ်ရှိသေကြသည်။ ဦးထိပ်ပန်ဆင်မှတ်တမ်းတင်ကြလေ့ရှိသည်။ အဘယ်ကြောင့်ပါနည်း။

မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကောင်းကျိုးအတွက် အသက်ပေး၍ တိုက်ခိုက်ကာကွယ်ခဲ့ကြသော သူရဲကောင်းတို့၏ကျေးဇူးက အထူးအရေးပါလေးနက်လှသော အခန်းကဏ္ဍမှာရှိကြသည်မဟုတ်ပါလား။ ချစ်ခင်ကြ၊ လေးစားကြ၊ အလေးအနက်ဂုဏ်တင်ကြရပေမည်သာ။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ယခုနှစ် နိုဝင်ဘာလတွင် ပြည်ပမှ ကန်ဒေါ်လာ ၂၉ သန်းကျော်တန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၆၆၄၁၀ တင်သွင်းခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ယခုနှစ် နိုဝင်ဘာလတွင် ပြည်ပမှ အမေရိကန်ဒေါ်လာ ၂၉ သန်းကျော်တန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၆၆၄၁၀ တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခုအခါ ဆောင်းသီးနှံစိုက်ပျိုးရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်နေသည့် ဓာတ်မြေဩဇာများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းကရော၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကပါ တင်သွင်းလျက်ရှိကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၀၀၁ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၆၅၅၁၀၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၃ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၉၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၁၈၄ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၆၆၄၁၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ဓာတ်မြေဩဇာများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းကတင်သွင်းရာတွင် အိုမန်နိုင်ငံမှ တန်ချိန် ၂၅၀၀၀၊ တရုတ်နိုင်ငံမှ တန်ချိန် ၂၄၀၀၀၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၄၂၀၀၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၃၅၀၀၊ ရုရှားနိုင်ငံမှ တန်ချိန် ၂၀၀၀၊ ဘယ်လာရုစ်နိုင်ငံမှ တန်ချိန် ၁၅၀၀၊ လာအိုနိုင်ငံမှ တန်ချိန် ၁၅၀၀၊ ဥဇဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၁၂၀၀၊ ဆော်ဒီအာရေဗျနိုင်ငံမှ တန်ချိန် ၁၀၀၀၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀၀၊ ကနေဒါနိုင်ငံမှ တန်ချိန် ၃၀၀၊ မလေးရှားနိုင်ငံမှ တန်ချိန် ၂၀၀၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၅၀၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် ၃၀၊ မက္ကဆီကိုနိုင်ငံမှ တန်ချိန် ၃၀ တင်သွင်းခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်သွင်းရာတွင် ထိုင်းနိုင်ငံမှ တန်ချိန် ၈၀၀ နှင့် တရုတ်နိုင်ငံမှ တန်ချိန် ၁၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။ SKL



# သရက်မြို့နယ် စမ်းအိုင့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သရက် ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် စမ်းအိုင့်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၂၃ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စမ်းအိုင့်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

စမ်းအိုင့်ကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်း ငွေကျပ် ၁၆၃ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**ဇင်မာ**

## သွေးစည်းချစ်ကြည် မြန်မာပြည်

- မင်းနဲ့ပြည်သူ
ညီတူ စည်းလုံးက၊
နိုင်ငံတော် တိုးတက်
မျိုးဖျက်ကင်းပ။

- အရေးကြီး ရှေးနည်းမဟာ
သွေးစည်းကာ ညီညွတ်ရေး၊
ငွံ့မခံပါ ရန်စက
တုံ့ပြန်ကာ ပြန်ချ
မြန်မာ့ရဲ့သွေး။

- ပုဂံရခိုင် ပြန်ကြည့်ရာ
ရန်မရှိကာ အေးချမ်း၊
ဘုရားတွေတည် ဆည်ဆောက်
ထည်မြောက်ဂုဏ်လျှမ်း။

- ရွှေဘိုနဲ့ ရတနာပုံ
ကမ္ဘာတုန် အံ့မခန်း၊
အလောင်းဘုရား ခေါင်သတင်းနဲ့
ကနောင်မင်း ဉာဏ်ရည်ထက်
လက်နက်တွေစွမ်း။

- မင်းနဲ့ပြည်သူ
ကြည်ဖြူလိုက်ပုံများ၊
ကမ္ဘာမှသိကြ
မာရဝိဇယ
မြရွှေစိန် လှူသူဆက်လို့
ဖိတ်ဖိတ်လက်ကာအရောင်တောက်
အောင်မြောက်ထင်ရှား။

- ဘာသာသာသနာ တိုင်းပြည်ချစ်
လူမျိုးချစ် သွေးစည်းညီ၊
သတ္တိ ဇွတ္တိ
ဒြပ်ရှိဂုဏ်ရည်၊
ခေတ်အဆက်ဆက် မြန်မာသည်
မြန်မာပြည် ကာကွယ်ခဲ့၊
လွတ်လပ်ပုံ သမိုင်းရှိ
တိုင်းသိပါရဲ့။ ။

**ခင်ဖုန်းကြည်(မိုင်းပွန်)**
**စာပေဗိမာန်စာမူဆုရ**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ဒုတိယမြောက် နျူကလီးယားဓာတ်ပေါင်းဖိုကို မြောက်ကိုရီးယား စတင်လည်ပတ်နေဖွယ်ရှိ

**ဗီယင်နာ ဒီဇင်ဘာ ၂၄**

မြောက်ကိုရီးယားနိုင်ငံ၏ ယောင်ဗြွန်းနျူကလီးယားစက်မှုနယ်မြေရှိ နျူကလီးယား ဓာတ်ပေါင်းဖိုသစ်သည် ပထမဆုံးအကြိမ်အဖြစ် လုပ်ငန်း လည်ပတ်နေပုံရကြောင်း ကုလသမဂ္ဂ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က ဒီဇင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါဓာတ်ပေါင်းဖိုသစ်သည် နျူကလီးယားလက်နက်များအတွက် ပလူတိုနီယမ်သတ္တုဖြပ်စင် အရင်းအမြစ်တစ်ခု ဖြစ်လာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ငါးမဂ္ဂါဝပ်နျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံးကို အသုံးပြု၍ ပလူတိုနီယမ်များကို နှစ်ပေါင်းများစွာ ထုတ်ယူခဲ့သည်။

သို့သော် လက်ရှိအချိန်တွင် မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါဓာတ်ပေါင်းဖိုထက် အရွယ်အစားပိုကြီးမားသောဓာတ်ပေါင်းဖိုတစ်လုံးကို လုပ်ငန်းစတင်လည်ပတ်သည့် လက္ခဏာများတွေ့ရှိထားရကြောင်း အိုင်အေအီးအေကြေညာချက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားက ၂၀၁၉ ခုနှစ်တွင် အိုင်အေအီးအေစစ်ဆေးရေးမှူးများကိုနှင်ထုတ်ခဲ့ပြီးနောက်ပိုင်း အိုင်အေအီးအေအနေဖြင့် မြောက်ကိုရီးယား နျူကလီးယား အဆောက်အအုံများကို စစ်ဆေးနိုင်မှုမရှိတော့ကြောင်း သိရသည်။

သို့ဖြစ်ရာ မိမိတို့အနေဖြင့် မြောက်ကိုရီးယား နျူကလီးယား ဓာတ်ပေါင်းဖိုသစ်၏ လုပ်ငန်းလည်ပတ်နိုင်မှုအဆင့်ကို အတည်မပြုနိုင်သေးသည်ဟု အိုင်အေအီးအေကပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အင်ဒိုနီးရှားနိုင်ငံ နီကယ်ထုတ်လုပ်ရေးစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား၊ အနည်းဆုံး ၁၂ ဦးသေဆုံး

**ဂျကာတာ ဒီဇင်ဘာ ၂၄**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းရှိ နီကယ်သတ္တုထုတ်လုပ်ရေးစက်ရုံတစ်ခု၌ သတ္တုရည်ကျိုပေါင်းဖိုတစ်လုံး ယနေ့တွင် ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၁၂ ဦးသေဆုံး၍ ၃၉ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါသတ္တုရည်ကျိုပေါင်းဖိုသည် ပြုပြင်ထိန်းသိမ်းမှုပြုလုပ်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သတ္တုရည်ကျိုပေါင်းဖိုပေါက်ကွဲမှုကြောင့် အင်ဒိုနီးရှားအလုပ်သမား ခုနစ်ဦးနှင့် တရုတ်အလုပ်သမား ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နီကယ်သတ္တုထုတ်လုပ်ရေးစက်ရုံကို တရုတ်နိုင်ငံ၏အကူအညီဖြင့်တည်ဆောက်ထားခြင်းဖြစ်ပြီး အင်ဒိုနီးရှားဆင်းရှန် သံမဏိထုတ်လုပ်ရေးလုပ်ငန်းက ပိုင်ဆိုင်သည်။

သတ္တုရည်ကျိုပေါင်းဖိုပေါက်ကွဲပြီးနောက် အနီးအနားရှိ အောက်ဆီဂျင် သိုလှောင်ကန်များလည်း ပေါက်ကွဲမီးလောင်ခဲ့ရာ ၎င်းမီးလောင်မှုကို ယနေ့နံနက်ပိုင်းမှာပင် ထိန်းချုပ်နိုင်ခဲ့သည်။


အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့အကြီးဆုံးနီကယ်သတ္တုထုတ်လုပ်သူနိုင်ငံဖြစ်ပြီး ဆူလာဝေစီကျွန်းမှာ နီကယ်သတ္တုလုပ်ငန်း ဗဟိုချက်တစ်ခုဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အီဂျစ်သမ္မတ အယ်လ်စီစီနှင့် အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီတို့ ပထမဆုံးအကြိမ် ဖုန်းခေါ်ဆိုဆွေးနွေး



**တီဟီရန် ဒီဇင်ဘာ ၂၄**

အီဂျစ်သမ္မတ အယ်လ်စီစီနှင့် အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီတို့သည် ဒီဇင်ဘာ ၂၃ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် အီဂျစ်သမ္မတနှင့်အီရန်သမ္မတတို့သည် ဂါဇာစစ်ပွဲအခြေအနေများနှင့် အီဂျစ်-အီရန်နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု ပြန်လည်ထားရှိရေး အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း အီရန်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်နှင့် အီဂျစ်တို့သည် သံတမန်ဆက်ဆံရေး ပုံစံအချို့ကို ဆက်ထိန်းထားဆဲဖြစ်သော်လည်း ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း နှစ်နိုင်ငံဆက်ဆံရေးမှာ ကျေလည်မှုမရှိခဲ့ကြောင်း သိရသည်။

အီဂျစ်သမ္မတ အယ်လ်စီစီနှင့် အီရန်သမ္မတရိုင်စီတို့သည် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ ယခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပခဲ့သည့် အာရပ်-အစ္စလာမ်မစ် အထူးပူးတွဲထိပ်သီးညီလာခံ၌ ပထမဆုံးအကြိမ် လူချင်းတွေ့ဆုံ ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။

အီဂျစ်နိုင်ငံနှင့် အီရန်နိုင်ငံတို့သည် ယခုနှစ်အစောပိုင်းတွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်ထားရှိခဲ့ကြသည့် နိုင်ငံများဖြစ်ကြသည်။

ပြီးခဲ့သည့်လများအတွင်း အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများက တင်းမာမှုများလျှော့ချရန် ကြိုးစားနေချိန်တွင် အီဂျစ်သမ္မတနှင့်အီရန်သမ္မတတို့ ပထမဆုံးအကြိမ် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အီရတ်မြောက်ပိုင်းနှင့်ဆီးရီးယားတို့ရှိ ကာ့ဒ်ပစ်မှတ်များကို တူကီယဲတိုက်ခိုက်

**အင်ကာရာ ဒီဇင်ဘာ ၂၄**



အီရတ်နိုင်ငံမြောက်ပိုင်း၌ ပြီးခဲ့သည့် နှစ်ရက်အတွင်း တူကီယဲတပ်ဖွဲ့ဝင် ၁၂ ဦးသေဆုံးခဲ့ရပြီးနောက် တူကီယဲနိုင်ငံသည် ဒီဇင်ဘာ ၂၃ ရက်တွင် အီရတ်မြောက်ပိုင်းနှင့် ဆီးရီးယားတို့ရှိ ကာ့ဒ်လက်နက်ကိုင်အုပ်စုပစ်မှတ်များကို လေကြောင်းထိုးစစ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါလေကြောင်းထိုးစစ်များအတွင်း တူကီယဲစစ်လေယာဉ်များက ကာ့ဒ်အလုပ်သမားများပါတီ (ပီကေကေ)ပစ်မှတ် ၂၉ ခုကိုတိုက်ခိုက်ချေမှုန်းခဲ့ကြောင်း တူကီယဲအစိုးရက သတင်းထုတ်ပြန်ထားသည်။

တူကီယဲနိုင်ငံသည် ပီကေကေပါတီကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ထားသည်။

ဒီဇင်ဘာ ၂၃ ရက် လေကြောင်းထိုးစစ်များကို အီရတ်မြောက်ပိုင်းနှင့် ဆီးရီးယားနိုင်ငံ မည်သည့်ဒေသများ၌ပြုလုပ်ခဲ့သည်ကို တူကီယဲစစ်ဘက်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

သို့သော် လေကြောင်းထိုးစစ်များအတွင်း ပီကေကေပါတီ လက်နက်ကိုင်များ အသုံးပြုနေဖွယ်ရှိသောစခန်းများ၊ရေနံသိုလှောင်ရေးနေရာများအပါအဝင် ပစ်မှတ် ၂၉ ခုကို တိုက်ခိုက်ခဲ့ကြောင်း တူကီယဲစစ်ဘက် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပြီးခဲ့သည့် နှစ်ရက်တာကာလအတွင်း အီရတ်မြောက်ပိုင်း၌ ပီကေကေ ကာ့ဒ်လက်နက်ကိုင်များနှင့် တိုက်ပွဲများဖြစ်ပွားခဲ့စဉ် တူကီယဲတပ်ဖွဲ့ဝင် ၁၂ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

## အီရန်မောင်းသူမဲ့လေယာဉ်တစ်စင်းက ဓာတုပစ္စည်းတင်သင်္ဘောကို အိန္ဒိယသမုဒ္ဒရာဒေသ၌ တိုက်ခိုက်

**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

အီရန်နိုင်ငံ၏ မောင်းသူမဲ့လေယာဉ်တစ်စင်းသည် အိန္ဒိယသမုဒ္ဒရာဒေသ၌ ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ဓာတုပစ္စည်းတင်သင်္ဘောတစ်စီးကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အီရန်မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်မှုခံခဲ့ရသော သင်္ဘောမှာ ကမ်ပလူတိုအမည်ရှိ လိုက်ဘေးရီးယားအလံတင် ဂျပန်နိုင်ငံပိုင် ဓာတုပစ္စည်းတင်သင်္ဘောတစ်စီးဖြစ်သည်။

ကမ်ပလူတိုဓာတုပစ္စည်းတင်သင်္ဘောသည် အိန္ဒိယနိုင်ငံကမ်းရိုးတန်းနှင့် ရေမိုင် ၂၀၀ အကွာ အိန္ဒိယသမုဒ္ဒရာ ရေပြင်အတွင်း မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာထားသည်။

အီရန် မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် ကမ်ပလူတိုသင်္ဘောပေါ်၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သော်လည်း ရေယာဉ်ဝန်ထမ်းများ အထိအခိုက်မရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယသမုဒ္ဒရာရေပြင်အတွင်း ဓာတုပစ္စည်းတင်သင်္ဘော မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရမှုသည် အစ္စရေးနှင့် ဟားမတ်စ်စစ်ပွဲစတင်ချိန် အောက်တိုဘာ ၇ ရက်မှစ၍ ဒေသတွင်း တင်းမာမှုများ မြင့်တက်လာမှုနှင့် ကုန်သွယ် ရေလမ်းကြောင်းများအတွက် ဘေးအန္တရာယ်သစ်များ ရှိလာမှုကို ပြသလျက်ရှိသည်။

အီရန်နိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်မှစ၍ အရပ်ဘက်ကုန်တင်သင်္ဘောများကို ခုနစ်ကြိမ်ထိ တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## Firefly Aerospace ကုမ္ပဏီကလွှတ်တင်ခဲ့သော အယ်လ်ဖာဒုံးပျံ စနစ်ဖောက်ပြန်မှုတစ်ရပ်ကြောင့် သယ်ယူသွားသည့်ဂြိုဟ်တုကို ပတ်လမ်းမှားပေါ်သို့ ပို့ဆောင်ခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

Firefly Aerospace ကုမ္ပဏီက ဒီဇင်ဘာ ၂၂ ရက်တွင် လွှတ်တင်ခဲ့သော အယ်လ်ဖာဒုံးပျံသည် စနစ်ဖောက်ပြန်မှုတစ်ရပ်ကြောင့် သယ်ယူသွားသည့်ဂြိုဟ်တုကို ပတ်လမ်းမှားပေါ်သို့သာ ပို့ဆောင်ပေးခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ အခြေစိုက် Firefly Aerospace ကုမ္ပဏီသည် လော့ခ်ဟိမာတင်ကုမ္ပဏီ၏ ဂြိုဟ်တုတစ်စင်းအား သယ်ဆောင်ထားသည့် အယ်လ်ဖာဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လွှတ်တင်ပြီးချိန်၌ ဒုံးပျံယာဉ်ပထမအဆင့် ဒုံးယာဉ်ပြဿနာတစ်ရပ်ကြောင့် အယ်လ်ဖာဒုံးပျံသည် လော့ခ်ဟိမာတင်ဂြိုဟ်တုကို ပတ်လမ်းမှားပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဂြိုဟ်တုနှင့် အဆက်အသွယ် ရယူထားနိုင်ပြီး ဂြိုဟ်တုလုပ်ငန်း လည်ပတ်မှုကိုလည်း ထိန်းကျောင်းထားနိုင်ကြောင်း လော့ခ်ဟိမာတင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၂၂ ရက်မစ်ရှင်သည် အယ်လ်ဖာဒုံးပျံအတွက် စတုတ္ထမြောက်မစ်ရှင်ဖြစ်ကြောင်း၊ Firefly Aerospace ကုမ္ပဏီသည် အဆိုပါမစ်ရှင်ကို ဒီဇင်ဘာ ၂၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့်ဒီဇင်ဘာ ၂၂ ရက်မှသာ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ဒရာဂွန်အာကာသကုန်တင်ယာဉ်က ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖလော်ရီဒါပြည်နယ်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း ဆင်းသက်

**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ဒီဇင်ဘာ ၂၂ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖလော်ရီဒါပြည်နယ်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း ဆင်းသက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် ဒီဇင်ဘာ ၂၀ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည်ထွက်ခွာခဲ့သည်။

ထို့နောက် ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်တွင် နာရီ ၂၀ ကြာမျှ ပျံသန်းခဲ့ပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်ခဲ့ပြီး လေထီးအကူအညီဖြင့် ရေပြင်အတွင်းသို့ ပြန်လည်ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးစဉ်တွင် သိပ္ပံစမ်းသပ်ပစ္စည်းများနှင့် အခြားပစ္စည်းပစ္စယ စုစုပေါင်း အလေးချိန် ကီလိုဂရမ် ၁၉၅၀ ကို ပြန်လည်သယ်ယူလာကြောင်း သိရသည်။



Space-X အာကာသနည်းပညာကုမ္ပဏီသည် ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၉ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့သည်။

အဆိုပါမစ်ရှင်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ရယူထားသည့် သဘောတူညီချက်အရ Space-X အာကာသ နည်းပညာကုမ္ပဏီက လွှတ်တင်ပေးခဲ့သည့် ၂၉ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပို့မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Space-X အာကာသနည်းပညာကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံ အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်မှု စံချိန်သစ်ရယူနိုင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဖယ်လ်ကွန်-၉ ဒုံးပျံတစ်စင်း အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်မှု စံချိန်သစ်ကို ဒီဇင်ဘာ ၂၃ ရက်တွင် ရယူနိုင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ဒီဇင်ဘာ ၂၃ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှ လွှတ်တင်ခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက် စတားလင့်ခ်မစ်ရှင်သည် အထက်ပါဖယ်လ်ကွန်-၉ ဒုံးပျံ ပင်မဒုံးယာဉ်အတွက် ၁၉ ခုမြောက် မစ်ရှင်ဖြစ်ကြောင်း Space-X ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ အဆိုပါပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် တွဲရေယာဉ်ပေါ်သို့ ၁၉ ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး ၆၅ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ယူသွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သက်ဆိုင်ရာ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက် မစ်ရှင်အတွက် အသုံးပြုခဲ့သည့် ဖယ်လ်ကွန်-၉ ဒုံးပျံ ပင်မဒုံးယာဉ်သည် Space-X ကုမ္ပဏီ အနေဖြင့် အကြိမ်ရေ အများဆုံးအသုံးပြုနိုင်ခဲ့သော ဖယ်လ်ကွန်-၉ ပင်မဒုံးယာဉ်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ညပိုင်းအိပ်ရာဝင်ချိန်နောက်ကျသူများ အိပ်ရာဝင်ချိန်စောသူများထက် သွေးကြောများမာကျစ်နိုင်ခြေ ပုံမှန်ထက်နှစ်ဆမြင့် တက်လာနိုင်ဖွယ်ရှိ

**တော့ဟုမ်း ဒီဇင်ဘာ ၂၄**

ညပိုင်းအိပ်ရာဝင်ချိန်နောက်ကျသူများသည် ညအိပ်ရာဝင်ချိန်စောသူများထက် သွေးကြောများမာကျစ်နိုင်ခြေပုံမှန်ထက်နှစ်ဆထိမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

သွေးကြောများအတွင်း အဆီဓာတ်စုစည်းမှုလွန်ကဲလာချိန်တွင် သွေးကြောများ မာကျစ်မှုပြဿနာ ပေါ်လာတတ်သည်။

သွေးကြောများ မာကျစ်မှုပြဿနာသည် သွေးဖိအားမြင့်မားသူ၊ ကိုလက်စတရောမြင့်မားသူ သက်ကြီးပိုင်းများတွင် အဖြစ်များသည့် ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဆွီဒင်နိုင်ငံ ဂိုတင်ဘာ့ဂ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ညပိုင်းအိပ်ရာဝင်ချိန် နောက်ကျသူများတွင်လည်း သွေးကြောများမာကျစ်နိုင်ခြေ ပုံမှန်ထက်မြင့်မားလာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ညအိပ်ရာဝင်ချိန်နောက်ကျသူများသည် အိပ်ရာဝင်ချိန်စောသူများထက် သွေးကြောများမာကျစ်နိုင်ခြေ ၈၀ ရာခိုင်နှုန်းထိ ပိုမြင့်မားကြောင်း သိရသည်။

ဆွီဒင် သုတေသနပညာရှင်များသည် အသက် ၅၀ နှင့် ၆၄ နှစ်ကြား လူပေါင်း ၇၇၁ ဦးတို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အိပ်ရေးမဝပါက စိုးရိမ်သောကဝေဒနာနှင့် စိတ်ဖိအားဝင်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဒီဇင်ဘာ ၂၄**

အိပ်ရေးမဝပါက စိုးရိမ်သောကဝေဒနာနှင့် စိတ်ဖိအားဝင်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မွန်တားနားပြည်နယ် တက္ကသိုလ်မှ သုတေသန ပညာရှင်များသည် လူပေါင်း ၅၇၀၀ ကျော်ပါဝင်သည့် လေ့လာချက်ပေါင်း ၁၅၄ ခုကို ပြန်လည်ဆန်းစစ်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အိပ်ရေးဝဝ မအိပ်ရသူများသည် စိုးရိမ်သောကဝေဒနာနှင့် စိတ်ဖိအားဝင်ရောက်မှုပြဿနာ ပေါ်လာနိုင်ခြေ ပုံမှန်ထက်မြင့်တက်လာနိုင်သည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ သက်ကြီးပိုင်း ၃၀ ရာခိုင်နှုန်းနှင့်ဆယ်ကျော်သက် ၉၀ ရာခိုင်နှုန်းတို့မှာ အိပ်ရေးမဝမှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အိပ်ရေးမဝမှုနှင့် စိတ်ကျန်းမာရေးပြဿနာများကြားတွင် ဆက်စပ်မှုရှိနေသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အိပ်ရေးမဝမှုသည် ပျော်ရွှင်မှု၊ ကြည်နူးနှစ်သိမ့်မှုကဲ့သို့ အပြုသဘောဆောင်သည့် စိတ်အခြေအနေများအပေါ် အကျိုးသက်ရောက်မှုရှိသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# FIFA-MFF U-17 Youth League Qualifying Round ပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ယှဉ်ပြိုင်ကစား



**ရန်ကုန် ဒီဇင်ဘာ ၂၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ကူညီပံ့ပိုးမှုများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိနေသည့် FIFA-MFF U-17 Youth League Qualifying Round ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၇ နာရီမှ စတင်ပြီး ရန်ကုန်မြို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ Qualifying Round အုပ်စုပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲက City Shwe Pyi Thar FC အသင်းနှင့် Maubin FC အသင်းတို့ကစားခဲ့ရာ Maubin FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး Su Latt Myint Mo အသင်းနှင့် Yangon 22 Star FC အသင်းတို့ကစားခဲ့ရာ Su Latt Myint Mo အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက Sporting Hantha အသင်းနှင့် City Shwe Pyi Thar FC အသင်းတို့ ဆက်လက်ကစားခဲ့ရာ City Shwe Pyi Thar FC အသင်းက သုံးဂိုး တစ်ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့ပြီး Insein City FC အသင်းနှင့် Nay Pyi Taw United အသင်းတို့ကစားခဲ့ရာ Insein City FC အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

FIFA-MFF U-17 Youth League Qualifying Round ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်း ပါဝင်ပြီး ငါးသင်းပါနှစ်အုပ်စုဖြင့် ခွဲခြားကျင်းပလျက်ရှိနေပြီး အုပ်စုတစ်ခုချင်းစီမှ အုပ်စု ပထမနေရာ၊ ဒုတိယနေရာနှင့်တတိယနေရာရရှိသည့် အသင်းခြောက်သင်းအနေဖြင့် FIFA-MFF U-17 Youth League ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ခံစစ်ကစားသမား ဆီမီကက်စ် အရိုးဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဟု နည်းပြကလော့ပ် ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၂၄**

လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းခံစစ်ကစားသမား ဆီမီကက်စ်သည် ညှပ်ရိုးကျိုးဒဏ်ရာရခဲ့သောကြောင့် ကာလရှည်အနားယူရမည်ဟု နည်းပြကလော့ပ်က အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းက ပွဲချိန် လေးမိနစ်တွင် ဦးဆောင်ဂိုး သွင်းယူထားသော်လည်း ပွဲကစားချိန် ၂၉ မိနစ်တွင် တိုက်စစ်မှူး ဆာလာဟ်က ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပွဲကစားချိန် ၃၅ မိနစ်အရောက်တွင် အာဆင်နယ်အသင်းကစားသမား ဆာကာနှင့် ဆီမီကက်စ်တို့အနေဖြင့် နည်းပြအတွက် သတ်မှတ်ပေးထားသည့် ဧရိယာအနီးတွင် ဘောလုံးယှဉ်လုရာ ဆီမီကက်စ်အနေဖြင့်အရှိန်လွန်လဲကျခဲ့ချိန်တွင် ဒဏ်ရာရခဲ့ကာ ကွင်းဘေးရှိ နည်းပြကလော့ပ်နှင့် ထိခိုက်မိခဲ့ပြီး အသင်းဖော်ကစားသမားဂိုမက်ဇ်နှင့် လူစားလဲခဲ့ရသည်။

ဆီမီကက်စ်သည်ဒဏ်ရာပြင်းထန်သည့်လက္ခဏာ မရှိသော်လည်း ၎င်း၏ဒဏ်ရာကို လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ညှပ်ရိုးကျိုးခဲ့သောကြောင့် ကာလရှည်အနားယူရတော့မည်ဖြစ်ကြောင်း နည်းပြကလော့ပ်က အတည်ပြုပြောကြားခဲ့သည်။

နည်းပြကလော့ပ်က "ဆီမီကက်စ်ရဲ့ဒဏ်ရာက ပြင်းထန်ခဲ့ပါတယ်။ ဆာကာနဲ့ ထိခိုက်မိတဲ့ဖြစ်စဉ်မှာ ညှပ်ရိုးကျိုးသွားတာ ဖြစ်ပါတယ်။ အစပိုင်းမှာ သူ့အနေနဲ့နာကျင်မှု မခံစားရတာကြောင့် ဒီလောက်ထိဖြစ်လိမ့်မယ်လို့မထင်ခဲ့ပါဘူး။လက်ရှိမှာတော့ အသင်းအတွက်အဓိကပြဿနာဖြစ်နေပါတယ်။ ဘယ်တောင်ပံခံစစ်ပိုင်းမှာ ရော်ဘင်ဆင်လဲ ပခုံးဒဏ်ရာရနေသလို အခုချိန်မှာ ဆီမီကက်စ်လဲ ကာလရှည်အနားယူရတော့ဖြစ်လို့ အသင်းအတွက် ထိုးနှက်ချက်တစ်ခုဖြစ်နေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**



# ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ဆုဖလားငါးလုံးရရှိသည့် ဥရောပအသင်းများတွင် မန်စီးတီးအသင်းပါဝင်လာ

**မန်ချက်စတာ ဒီဇင်ဘာ ၂၄**

ပရီးမီးယားလိဂ်ကလပ် မန်စီးတီးအသင်းသည် ဖီဖာကလပ် ကမ္ဘာ့ဖလားရရှိခဲ့ပြီးနောက် ယခုနှစ်အတွင်း ဆုဖလားငါးကြိမ်ရရှိခဲ့သည့်အတွက် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ဆုဖလားငါးကြိမ်ရရှိသည့် ဥရောပအသင်းများထဲတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

နှစ်တစ်နှစ်အတွင်း ဆုဖလားငါးကြိမ်ရရှိခဲ့သည့် ဥရောပကလပ်အသင်းများတွင် အေဂျက်အသင်းက ၁၉၉၅ ခုနှစ်တွင် နယ်သာလန်အမှတ်ပေးဖလား၊ချန်ပီယံလိဂ်ဖလား၊ နယ်သာလန်စူပါဖလား၊ တိုက်ကြီးများဖလား၊ ယူအီးအက်ဖ်အေစူပါဖလားတို့ဆွတ်ခူးခဲ့ပြီး ပထမဆုံး ဆုဖလားငါးလုံးရရှိခဲ့သည်။

၎င်းနောက်တွင် ဘာစီလိုနာအသင်းက ၂၀၀၉ ခုနှစ်တွင် လာလီဂါဖလား၊ စပိန်ဘုရင့်ဖလား၊ စပိန်စူပါဖလား၊ ချန်ပီယံလိဂ်ဖလား၊ ယူအီးအက်ဖ်အေ စူပါဖလားနှင့် ဖီဖာကလပ်ကမ္ဘာ့ဖလားတို့ရရှိခဲ့ပြီး ဆုဖလားခြောက်လုံး ရရှိခဲ့သည့်အပြင် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင်လည်း ဆုဖလားငါးလုံးရရှိခဲ့သကဲ့သို့ အင်တာမီလန်အသင်းက ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ ဘိုင်ယန်မြူးနစ်အသင်းက ၂၀၁၃ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း၊ ရီးရဲလ်မက်ဒရစ်အသင်းက ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ ယခုနှစ်တွင် မန်စီးတီးအသင်းက ပရီးမီးယားလိဂ်ဖလား၊ အက်ဖ်အေဖလား၊ ချန်ပီယံလိဂ်ဖလား၊ ယူအီးအက်ဖ်အေစူပါဖလားနှင့် ဖီဖာကလပ်ကမ္ဘာ့ဖလားတို့ဆွတ်ခူးခဲ့ပြီး ဖလားငါးကြိမ်ရရှိသည့် ဥရောပအသင်းများတွင် ပထမဆုံး အင်္ဂလန်အသင်းအဖြစ် ပါဝင်နိုင်ခဲ့သည်။

အဆိုပါ ဥရောပအသင်းများထဲတွင် ဘာစီလိုနာအသင်းက နှစ်တစ်နှစ်ထဲတွင် ဆုဖလားခြောက်ကြိမ်ရရှိသည့် ပထမဆုံးအသင်းဖြစ်နေသည့်အပြင် ဆုဖလားငါးလုံးကို သုံးကြိမ်ထိရယူနိုင်ခဲ့သည့် အသင်းအဖြစ်လည်း မှတ်တမ်းဝင်နေကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# ဂယ်လာဟာကို စတာလင်ပေါင် သန်း ၅၀ ရရှိပါက ရောင်းချမည်ဟု ချဲလ်ဆီးအသင်းထုတ်ပြန်

**လန်ဒန် ဒီဇင်ဘာ ၂၄**

ချဲလ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ဘက် စပါးအသင်းကခေါ်ယူရန် စိတ်ဝင်စားနေသည့် ကွင်းလယ်ကစားသမားဂယ်လာဟာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ရရှိပါက ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရောင်းချသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

စပါးအသင်းသည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဒဏ်ရာရနေသည့် ကွင်းလယ်ကစားသမား မက်ဒီဆင်နေရာတွင် ကစားသမားတစ်ဦးထပ်မံခေါ်ယူရန်အတွက် ကွင်းလယ်ကစားသမားဟော့ဂျက်ကိုရောင်းချ၍ ချဲလ်ဆီးအသင်းကစားသမား ဂယ်လာဟာကိုခေါ်ယူရန် ကြိုးပမ်းနေမှုကြောင့် ချဲလ်ဆီးအသင်းတာဝန်ရှိသူများက ဂယ်လာဟာအတွက် စတာလင်ပေါင် သန်း ၅၀ ရရှိပါကရောင်းချမည်ဟု တရားဝင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကွင်းလယ်ကစားသမား ဂယ်လာဟာသည် ရီစီဂျိမ်းနှင့် ဘန်ချီဝဲလ်တို့ဒဏ်ရာရနေသည့်အတွက် ချဲလ်ဆီးအသင်း၏အသင်းခေါင်းဆောင်ရာထူးကို ရယူထားသော်လည်း နည်းပြပိုချက်တီနို၏ အနာဂတ်စီမံကိန်းတွင် ပါဝင်နေသူမဟုတ်သဖြင့် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလကတည်းက အရောင်းစာရင်း တင်သွင်းခံခဲ့ရပြီး ယခုအခါ ချဲလ်ဆီးအသင်းက စတာလင်ပေါင် သန်း ၅၀ ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



အသက် ၂၃ နှစ်ရှိ ကွင်းလယ်ကစားသမား ဂယ်လာဟာသည် ချဲလ်ဆီးအသင်းနှင့်အတူ အမှတ်ပေးပြိုင်ပွဲ ၁၆ ပွဲတွင် ဂိုးဖန်တီးမှုလေးကြိမ်ထိပြုလုပ်၍ ခြေစွမ်းပြသနေသောကြောင့် ဝက်စ်ဟမ်းအသင်း၊ နယူးကာဆယ်အသင်းနှင့် အေဗီလာအသင်းတို့ကလည်း ခေါ်ယူရန် ပစ်မှတ်ထားနေသဖြင့် နည်းပြပိုစတီကိုဂလူက လက်ဦးမှုရယူရန်ပြင်ဆင်နေပြီး ပရီးမီးယားလိဂ်ဆုဖလားကို စိန်ခေါ်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- ယူအီးအက်ဖ်အေက လာမည့် ဖေဖော်ဝါရီလတွင် ဘာစီလိုနာအသင်း၏ ဝင်ငွေ၊ထွက်ငွေနှင့်ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးမှုများကို ထုတ်ပြန်သွားမည်ဟုပြောကြားခဲ့ပြီး စစ်ဆေးတွေ့ရှိခဲ့ပါက ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခွင့် သုံးနှစ်ပိတ်ပင်ခံရမည်ဖြစ်ကြောင်း သိရသည်။
- မန်ယူအသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် ပြိုင်ပွဲစုံလေးပွဲဆက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့် မှတ်တမ်းဆိုးတစ်ရပ်ကိုပိုင်ဆိုင်ခဲ့သည်။
- နည်းပြပိုင်အိုလီ အနာဂတ်နှင့်ပတ်သက်၍ သတင်းများထွက်ပေါ်နေသော်လည်း အေစီမီလန်အသင်းက ပိုင်အိုလီကိုရာထူးမှထုတ်ပယ်၍ စွန့်စားမှုပြုလုပ်သွားမည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**ML**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပူဆယ်၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲများကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပူဆယ်ပြိုင်ပွဲ၊ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲစဉ်များနှင့်အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယနေ့ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ယနေ့နံနက် ၈ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ပူဆယ်အားကစားရုံ၌ အမျိုးသားပူဆယ်အုပ်စုပွဲစဉ်များတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ရှစ်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ၁၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၁၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့်ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ပွဲစဉ်တွင် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲအုပ်စုပွဲစဉ်များတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ထို့နောက် အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြောင်း သိရသည်။ **STA**

# သောမတ်စ်ကီဘက်ကို တားမြစ်ဆေးဝါးသုံးစွဲထားခြင်းကြောင့် သုံးနှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်ကြောင်း Athletics Integrity Unit ထုတ်ပြန်

**မိုနာကို ဒီဇင်ဘာ ၂၄**

ပြင်သစ်နိုင်ငံ မိုနာကိုမြို့တွင် အခြေစိုက်သည့် Athletics Integrity Unit က ကင်ညာတာဝေးပြေးသမား သောမတ်စ်ကီဘက်ကို ပြိုင်ပွဲဝင်ခွင့် သုံးနှစ်ပိတ်ပင်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကင်ညာ တာဝေးပြေးသမား သောမတ်စ်ကီဘက်သည် ပြီးခဲ့သောစက်တင်ဘာ ၁၀ ရက်တွင် တားမြစ်ဆေးဝါးစစ်ဆေးမှုပြုလုပ်ခဲ့ပြီးနောက် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

အဆိုပါအမှုနှင့် ပတ်သက်ပြီး Athletics Integrity Unit က စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် သုံးနှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

တားမြစ်ဆေးဝါး သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက်ကြောင့် ပြီးခဲ့သောစက်တင်ဘာလက အက်စတိုးနီးယားနိုင်ငံတွင်ကျင်းပခဲ့သော တောလင်းမာရသွန်အပြေးပြိုင်ပွဲတွင် သောမတ်စ်ကီဘက်က ဒုတိယဆုဆွတ်ခူးခဲ့သည်။

တားမြစ်ဆေးဝါး သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက်ကြောင့် သောမတ်စ်ကီဘက်ရရှိထားသောဆုကိုလည်း ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း Athletics Integrity Unit က ထုတ်ပြန်ကြေညာခဲ့သည်။

သောမတ်စ်ကီဘက်က "ကျွန်တော့်အနေနဲ့ တားမြစ်ဆေးဝါးသုံးစွဲထားတဲ့ကိစ္စနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာငြင်းဆန်ဖို့မရှိပါဘူး။ ကျခံသွားရမဲ့ပြစ်ဒဏ်ကိုလဲ ကျေကျေနပ်နပ်လက်ခံသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# အင်တာမီလန်အသင်းက ဒါမီယန်ကို ၂၀၂၅ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်သဘောတူညီမှုရရှိ

**ရောမ ဒီဇင်ဘာ ၂၄**

အင်တာမီလန် အသင်းက အသင်းမှ ဝါရင့်တောင်ပံခံစစ်ကစားသမား ဒါမီယန်ကို ၂၀၂၅ ခုနှစ် ဇွန်လကုန်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်ရှိ ဒါမီယန်သည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က မန်ယူအသင်းမှထွက်ခွာပြီး ပါးမားအသင်းသို့ပြောင်းရွှေ့ကစားခဲ့သော်လည်း ပါးမားအသင်းတွင် တစ်ရာသီသာကစားခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်က အင်တာမီလန်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ထပ်မံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဒါမီယန်သည် အင်တာမီလန်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့်ကစားခဲ့ရာတွင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သည့်အတွက် ၂၀၂၁ ခုနှစ်က အပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် အင်တာမီလန်အသင်းက အစောပိုင်းကတည်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးခဲ့ရာမှ ယခုအခါ နောက်ထပ် နှစ်နှစ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။




ဒါမီယန်သည် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ပြီး လက်ရှိအချိန်ထိ ပြိုင်ပွဲစုံ ၁၃၉ ပွဲထိပါဝင်ကစားခဲ့ကာ ရှစ်ဂိုးသွင်းယူထားပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း စီးရီးအေပြိုင်ပွဲတွင် ၁၆ ပွဲထိ ပါဝင်ကစားခွင့်ရရှိသူဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# World Tennis League ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း စတီဖာနို့စ် ထုတ်ပြန်ကြေညာ

**ဒူဘိုင်း ဒီဇင်ဘာ ၂၄**

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင် ကျင်းပနေသည့် World Tennis League တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဂရိအဆင့်(၁)တင်းနစ်ကစားသမားစတီဖာနို့စ်က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

စတီဖာနို့စ်အနေဖြင့် ယခုနှစ်တင်းနစ်ရာသီ၏ နောက်ဆုံးပြိုင်ပွဲဖြစ်သည့် World Tennis League တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားသော်လည်း ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

စတီဖာနို့စ်သည် World Tennis League တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဒူဘိုင်းသို့ ရောက်ရှိလာသူ ဖြစ်သော်လည်း ဒဏ်ရာပြဿနာကြောင့် World Tennis League တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

စတီဖာနို့စ်က "ဒီပြိုင်ပွဲဟာ ဒီနှစ်တင်းနစ်ရာသီကို နှုတ်ဆက်မဲ့ပြိုင်ပွဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြိုင်ပွဲဝင်ဖို့အတွက် အစစအရာရာပြင်ဆင်ခဲ့တယ်။ ဒါပေမဲ့လဲ နောက်ကျောဒဏ်ရာကြောင့် ပြိုင်ပွဲဝင်နိုင်တော့မှာမဟုတ်ပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# အန်တိုနီဂျိုရှာက ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရခဲ့သော်လည်း ဒီယွန်တေက ဒိုင်အမှတ်ဖြင့်ရှုံးနိမ့်ခဲ့

**ရီယာ့ဒ် ဒီဇင်ဘာ ၂၄**

ကမ္ဘာ့ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲစဉ်များအဖြစ် ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှာက ဆွီဒင်လက်ဝှေ့သမား အော့တိုဝေါလင်နှင့်ထိုးသတ်ခဲ့ပြီး အမေရိကန်လက်ဝှေ့သမား ဒီယွန်တေက နယူးဇီလန်လက်ဝှေ့သမားဂျိုးဆပ်ပါကားနှင့် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ဒီဇင်ဘာ ၂၃ ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

WBA(Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း အန်တိုနီဂျိုရှာသည် လက်လွတ်ခဲ့ရသော ကမ္ဘာ့ချန်ပီယံခါးပတ်များကို ပြန်လည်ရယူနိုင်ရေးအတွက် အော့တိုဝေါလင်နှင့် စိန်ခေါ်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး အန်တိုနီဂျိုရှာက ငါးချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ယခုနှစ်အတွင်း အန်တိုနီဂျိုရှာအတွက် တတိယမြောက်ထိုးသတ်ခဲ့သော စိန်ခေါ်ပွဲစဉ်ဖြစ်ပြီး သုံးပွဲစလုံးအနိုင်ရရှိထားသည့်အတွက် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်ရမည်ဖြစ်သည်။

အန်တိုနီဂျိုရှာက အော့တိုဝေါလင်ကိုရှုံးနိမ့်ခဲ့ပါက လက်ဝှေ့ကစားသမားဘဝကို စွန့်လွှတ်ရဖွယ်ရှိကြောင်း ပွဲမတိုင်မီကတည်းက ဝန်ခံပြောကြားထားပြီး ရလဒ်ကောင်းရရှိရေးအတွက် အကောင်းဆုံးယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်းဖြစ်သူ ဒီယွန်တေသည်လည်း ကမ္ဘာ့ချန်ပီယံကို ပြန်လည် စိန်ခေါ်နိုင်ရေးအတွက် WBO Inter-Continental ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်းဖြစ်သူနှင့် စိန်ခေါ်ထိုးသတ်ခဲ့ရာ ဂျိုးဆပ်ပါကားထံမှ မျှော်လင့်မထားသော စွမ်းဆောင်ရည်များကြောင့် ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဒီယွန်တေသည် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံကို စိန်ခေါ်ခွင့်ရရှိထားသော်လည်း ဂျိုးဆပ်ပါကားကို ရှုံးနိမ့်သွားခဲ့သည့်အတွက်ကြောင့် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်ရရှိရေးအတွက် စိန်ခေါ်ပွဲများဆက်လက်ထိုးသတ်ရမည် ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# လောကနိဗ္ဗာန်တည်ဆောက်ခြင်း

ဇော်ဇော်အောင်(မန္တလေး)

နိုင်ငံရေးစနစ်တစ်ခု တည်ဆောက်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၊ လူ့ဘောင်အဖွဲ့အစည်းတစ်ခုအတွက် လောကနိဗ္ဗာန် တည်ဆောက်ခြင်းပင်ဖြစ်၏။ နိဗ္ဗာန်ဟူသည် ကိုယ်ကျင့်ကောင်းမွန်သူတို့ ရောက်ရှိနေထိုင်ရာအရပ်ဖြစ်၏။ လောကနိဗ္ဗာန်ဟု တင်စားနိုင်လောက်သော လူ့ဘောင်တို့တွင်လည်း ကိုယ်ကျင့်တရားကောင်းမွန်သူတို့ မှီတင်းနေထိုင်ကြသည်ဖြစ်၏။ အပြန်အလှန်အားဖြင့်ဆိုရလျှင် ကိုယ်ကျင့်တရားကောင်းမွန်သူတို့သာလျှင် လောကနိဗ္ဗာန်ဟု သမုတ်ထိုက်သော လူ့ဘောင်အဖွဲ့အစည်းနှင့် ထိုက်တန်လေ၏။ လောကနိဗ္ဗာန်ကို တည်ဆောက်ရာတွင် တစ်နည်းအားဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ရာတွင် စီးပွားဥစ္စာဖြစ်ထွန်းရေးတစ်ခုကို ဦးတည်ဖန်တီး ကြံဆောင်ကြရုံဖြင့်လည်း မရ။ ခေတ်မီသော လမ်းမများ၊ နေအိမ်တိုက်တာများ၊ ခေတ်မီအသုံးအဆောင်ပစ္စည်းများ၊ ခေတ်မီနည်းပညာများ ဖြစ်ပေါ်ထွန်းကားလာစေရေးသာ ဦးတည်တည်ဆောက်ကြရုံဖြင့်လည်း မရပေ။ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်၊ နိုင်ငံတစ်နိုင်ငံ၏ အမြင့်မားဆုံးတန်ဖိုးလည်းဖြစ်၊ အထည်ဝါဆုံး ဂုဏ်ဒြပ်လည်းဖြစ်သော ပညာနှင့်ကိုယ်ကျင့်အကောင်းဆုံးတည်ဆောက်မြှင့်တင်ထိန်းသိမ်းနိုင်ကြရေးသည် အရေးကြီးဆုံးသော လိုအပ်ချက်ကြီးဖြစ်လေ၏။

နိုင်ငံသားတို့၏ အသိဉာဏ်ပညာနှင့်ကိုယ်ကျင့်တရား တန်ဖိုးများသည်သာလျှင် နိုင်ငံတစ်နိုင်ငံ၏၊ လူ့ဘောင်အဖွဲ့အစည်း၏ အခြေခံအုတ်မြစ်ဖြစ်လေ၏။ အသိဉာဏ်ပညာမြင့်မားသော ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံသားများဖြစ်လာစေရေး နည်းစုံလမ်းကုန်သုံးလျက် အားသွန်ခွန်စိုက် ပျိုးထောင်ခြင်းသည် လူ့ဘောင်အဖွဲ့အစည်းတည်းဟူသော၊ နိုင်ငံတည်းဟူသော လောကနိဗ္ဗာန်၊ လောကနိဗ္ဗာန်၏ အခြေခံအုတ်မြစ်ကို အခိုင်မာဆုံးတည်ဆောက်ခြင်းဟု နားလည်ကြရမည်ဖြစ်သည်။ နိုင်ငံသားတို့၏ အသိဉာဏ်ပညာနှင့် ကိုယ်ကျင့်တရား အရည်အသွေးမြင့်တက်မြင့်မားလာစေရေးအတွက် အလေးဂရုပြု တည်ဆောက်မြှင့်တင်ခြင်းမပြုပါက မည်မျှပင်တိုးတက်ပွားများ ကြွယ်ဝချမ်းသာလာသည်ဖြစ်စေ၊ မည်မျှပင် ခေတ်မီတိုးတက်လာသည်ဖြစ်စေ ထိုလူ့အဖွဲ့အစည်း၊ ထိုနိုင်ငံသည် အေးချမ်းသာယာသော၊ ပြည့်စုံကုံလုံသော၊ ခိုင်မာတောင့်တင်းသော အခြေအနေတစ်ရပ် တစ်နည်းဆိုလျှင် လောကနိဗ္ဗာန်ဟု ခေါ်ဝေါ်သမုတ်အပ်သော အနေအထားသို့ လုံးဝရောက်ရှိလိမ့်မည်မဟုတ်ပေ။

**❖ နိုင်ငံသားတို့၏ အသိဉာဏ်ပညာနှင့် ကိုယ်ကျင့်တရားတန်ဖိုးများသည်သာလျှင် နိုင်ငံတစ်နိုင်ငံ၏၊ လူ့ဘောင်အဖွဲ့အစည်း၏ အခြေခံအုတ်မြစ်ဖြစ်လေ၏။ အသိဉာဏ်ပညာမြင့်မားသော ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံသားများဖြစ်လာစေရေး နည်းစုံလမ်းကုန်သုံးလျက် အားသွန်ခွန်စိုက်ပျိုးထောင်ခြင်းသည် လူ့ဘောင်အဖွဲ့အစည်းတည်းဟူသော၊ နိုင်ငံတည်းဟူသော လောကနိဗ္ဗာန်၊ လောကနိဗ္ဗာန်၏အခြေခံအုတ်မြစ်ကို အခိုင်မာဆုံးတည်ဆောက်ခြင်းဟု နားလည်ကြရမည်ဖြစ်သည်။ ❖**

အချိန်မရွေးပြိုလဲနိုင်သော၊ အချိန်မရွေးဆင်းရဲသွားနိုင်သော၊ အချိန်မရွေး ဘေးဒုက္ခများကြုံနိုင်သော၊ အာမခံချက်မရှိသော နိုင်ငံတစ်နိုင်ငံ၊ လူ့ဘောင်အဖွဲ့အစည်းတစ်ခုသာ ဖြစ်ပေလိမ့်မည်။

ထို့ပြင် ထိုမျှအရေးပါလှသော အခြေခံအုတ်မြစ်ကို အခိုင်အမာတည်ဆောက်နိုင်ရေး လုပ်ငန်းတာဝန်သည် လွန်စွာသိမ်မွေ့လျက် လွန်စွာခက်ခဲသော လုပ်ငန်းတာဝန်ဖြစ်သည်။ ငွေကြေးဥစ္စာ ပြည့်စုံချမ်းသာရေးဆောက်ရွက်ခြင်းထက် များစွာခက်ခဲ၏။ နည်းပညာများ၊ ခေတ်မီအဆောက်အအုံများ စသည်တို့ကို တည်ဆောက်ခြင်းလုပ်ငန်းတာဝန်ထက် များစွာခက်ခဲ၏။ အကြောင်းကား နိုင်ငံသားများဖြစ်ကြသော လူသားတို့သည် ပင်ကိုသဘာဝအားဖြင့် တန်ဖိုး စီးပွားဥစ္စာ အစစ်အမှန်များထက် တန်ဖိုးအတုအယောင်များကို ပို၍တန်ဖိုးထားတတ်ကြသောကြောင့် ဖြစ်သည်။ အသိပညာနှင့် ကိုယ်ကျင့်တရားတို့၏ အတိုင်းအဆမရှိသော အဖိုးအနဂ္ဃထိုက်တန်မှုကို နက်နက်နဲနဲ သိရှိနားလည်ခြင်း၊ မဖြစ်မနေကြိုးပမ်းရှာဖွေခြင်းတို့ကို ပြုမူဆောင်ရွက်ရန်ဝန်လေးသည့် သဘောသဘာဝရှိသောကြောင့်ဖြစ်သည်။ စည်းကမ်းကျင့်ဝတ်များကို သတ်မှတ်ပြီး တန်ဖိုးထားလိုက်နာကြခြင်းက လူတစ်ဦးချင်း၏တန်ဖိုးနှင့် အသက်ရှင်ရပ်တည်မှုအတွက်လည်းကောင်း၊ လူ့ဘောင်အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံ၏တန်ဖိုး၊ ခိုင်မာတောင့်တင်းမှု၊ ဂုဏ်ကျက်သရေပြည့်စုံမှုတို့အတွက်လည်းကောင်း ငွေကြေးဥစ္စာ အစရှိသည်တို့ထက် များစွာအခြေခံကျ၊ လိုအပ်ကြောင်း လူအများကအလွယ်တကူသိရှိရန်၊ အလေးအနက်ထားရန် များစွာခက်ခဲသောကြောင့်ဖြစ်သည်။ သို့ဖြစ်ပေသောကြောင့် အသိဉာဏ်ပညာနှင့်ကိုယ်ကျင့်တရားတန်ဖိုးများသည် လူတစ်ဦးချင်းစီ၏နှလုံးဝိညာဉ်အတွင်း၌ မြဲမြံစွာတည်နိုင်ကြစေရေးသည် ခက်ခဲနက်နဲသလောက် လွန်စွာမှလည်းအရေးကြီးသည့် လုပ်ငန်းတာဝန်ဖြစ်ပေတော့၏။ မဖြစ်မနေ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်လုပ်ကိုင်ကြရမည့် လုပ်ငန်းတာဝန်ဖြစ်ပေတော့၏။


ထိုလုပ်ငန်းတာဝန် ပြီးမြောက်အောင်မြင်ပါက မည်မျှဆင်းရဲသည်ဖြစ်စေ၊ မည်မျှချမ်းသာသည်ဖြစ်စေ၊ မည်မျှခေတ်မီသည်ဖြစ်စေ၊ မည်မျှခေတ်နောက်ကျသည်ဖြစ်စေ ထိုနိုင်ငံ၊ ထိုလူ့ဘောင်အဖွဲ့အစည်းသည် ဧကန်မုချ လောကနိဗ္ဗာန်အဖြစ်သို့ အခိုင်အမာရောက်ရှိလိမ့်မည်ဖြစ်၏။

ဧကန်မုချ ငြိမ်းချမ်းသာယာမည်ဖြစ်၏။ ဧကန်မုချ ဖွံ့ဖြိုးတိုးတက်လာလိမ့်မည်ဖြစ်၏။ ဧကန်မုချ နိုင်ငံသားတို့သည် ညီညွတ်ကြ၊ ရိုင်းပင်းကြ၊ ချစ်ခင်ကြ၊ စာနာကြ၊ ဖေးမကြ၊ ကာကွယ်စောင့်ရှောက်ကြလိမ့်မည်ဖြစ်၏။ ဧကန်မုချ နိုင်ငံတစ်နိုင်ငံ၏၊ လူ့ဘောင်အဖွဲ့အစည်း၏ အနာဂတ်ကိုလည်း အပြည့်အဝအာမခံချက်ပေးနိုင်မည်ဖြစ်၏။

ခက်ခဲနက်နဲသလောက် လွန်စွာအရေးပါလျက် မဖြစ်မနေထမ်းဆောင်ကြရမည့် ထိုတာဝန်သည် အစိုးရများ၏ တာဝန်လည်းဖြစ်၏။ နိုင်ငံသားအားလုံး၏ တာဝန်လည်းဖြစ်၏။ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ တာဝန်လည်းဖြစ်၏။ သူဌေးများ၏ တာဝန်လည်းဖြစ်၏။ အားလုံးက တာဝန်တစ်ရပ်အဖြစ် မှတ်ယူလာကြရန် နည်းလမ်းရှာကြရလိမ့်မည်ဖြစ်၏။ အားလုံးက အလေးအနက်နှလုံးသွင်းလာကြရန် ဆောင်ရွက်ကြရလိမ့်မည်ဖြစ်၏။ အားလုံးက တာဝန်မသိကြဘဲ၊ အလေးအနက်မရှိကြဘဲနှင့် လောကနိဗ္ဗာန်တစ်ခု တည်ဆောက်ပေါ်ထွန်းရန် အလို့ငှာမဖြစ်နိုင်။ တစ်နည်းအားဖြင့်ဆိုရလျှင် နိုင်ငံအတွက်လည်းကောင်း၊ နိုင်ငံသားတို့အတွက်လည်းကောင်း ပြည့်စုံကောင်းမွန်သော နိုင်ငံရေးစနစ်တစ်ရပ် အောင်မြင်စွာတည်ဆောက်နိုင်ရန်လည်း ခက်ခဲဝေးကွာနေလိမ့်ဦးမည်သာဖြစ်၏။

ထိုတာဝန်ကို စိတ်အားထက်သန်စွာ ထမ်းဆောင်ကြရန် အလေးအနက် နှလုံးသွင်းနိုင်ကြသည့်နေ့သည်ကား လောကနိဗ္ဗာန်တည်ဆောက်ရန် စတင်မျှော်မှန်းယုံကြည်နိုင်ကြသော နေ့ထူးနေ့မြတ် မုချဖြစ်လိမ့်မည် ဖြစ်ပေတော့၏။

## စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၇၀၅၃ ဧကစိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲပုပ်စိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၇၀၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲပုပ် ၁၀၂၆၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၀၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ပဲပုပ်ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ပဲပုပ်ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့ ပညာပေးတာတွေလဲ ဆောင်ရွက်နေပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ပဲပုပ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ဧက ၂၀၂၀၊ မြင်းမူမြို့နယ်တွင် ၆၄၁ ဧက၊ မြောင်မြို့နယ်တွင် ၄၃၉၂ ဧက စုစုပေါင်း ၇၀၅၃ ဧကဖြစ်ကြောင်း၊ ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ဧက ၂၀၃၀၊ မြင်းမူမြို့နယ်တွင် ဧက ၇၃၀၊ မြောင်မြို့နယ်တွင် ၇၅၀၂ ဧက စုစုပေါင်း ၁၀၂၆၂ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ပဲမျိုးစုံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

## ကန့်ကြီးထောင့်မြို့နယ် ရိုးကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကန့်ကြီးထောင့် ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရိုးကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်၊ ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သဇ္ဇာညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရိုးကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရိုးကြီးကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ ခန့်ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ စုဖွဲ့၍ ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရိုးကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့်ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေးသောက်သုံးရေဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ကိုမြင့်

# မန်းရွှေစက်တော်ဘုရားရှိ အောက်စက်တော်ရာ ဘုံခုနစ်ဆင့်ကို ရွှေသားအစစ်ဖြင့် ရှေးမူလက်ရာမပျက် ပြုပြင်သွားမည်



**မင်းဘူး ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားရှိ အောက်စက်တော်ရာ ဘုံခုနစ်ဆင့်ကို ရွှေသားအစစ်ဖြင့် ရှေးမူလက်ရာမပျက် ပြုပြင်မွမ်းမံသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ မန်းရွှေစက်တော်ဘုရားရှိ အောက်စက်တော်ရာ ဘုံခုနစ်ဆင့်သည် ရှေးယခင်ကပင် ရွှေသားအစစ်ဖြင့် ကပ်လှူပူဇော်ထားခြင်းပြီး သဘာဝဘေးကြောင့် ပျက်စီးပျောက်ဆုံးနေသည့် မြန်မာ ပန်းပုလက်ရာများကို မူလပုံစံအတိုင်း ရှေးမူလက်ရာမပျက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း စတင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"မန်းရွှေစက်တော်ဘုရားရဲ့ ရွှေသားအစစ်နဲ့ ပူဇော်ထားတဲ့ အောက်စက်တော်ရာ ဘုံခုနစ်ဆင့် ပြန်လည် ပြုပြင်မွမ်းမံမှုတွေကို ဆောင်ရွက်တဲ့နေရာမှာ ရွှေသားပြန်လည်ပူဇော်နိုင်ဖို့အတွက် ရွှေချတ်လုပ်ငန်းဆောင်ရွက်လိုသူတွေကို နိုဝင်ဘာ ၂၄ ရက်ကနေ ဒီဇင်ဘာ ၈ ရက်ထိ တင်ဒါခေါ်ယူခဲ့ပါတယ်။ တင်ဒါအောင်မြင်ခဲ့တဲ့ သိဒ္ဓိရှင်ရွှေဆိုင်းလုပ်ငန်းက ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ရှေးယခင်ကတည်းက အောက်စက်တော်ရာ ဘုံခုနစ်ဆင့်မှာရှိတဲ့ အနုပညာလက်ရာမြောက်တဲ့ သစ်သားပန်းပုလက်ရာ အပြောက်အမွမ်းတွေဟာ နှစ်ကာလများစွာ ကြာမြင့်မှုကြောင့် ပျက်စီးယိုယွင်းမှုတွေ၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီး၊ ပျောက်ဆုံးမှုတွေရှိလာတဲ့အတွက် ရှေးမူလက်ရာမပျက် ပုံစံတူပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဦးထွန်းထွန်းဝင်းက ပြောပြသည်။

ထို့ပြင် မန်းရွှေစက်တော်ဘုရားတွင် ဘက်စုံပြုပြင်မွမ်းမံမှုအနေဖြင့် အောက်စက်တော်ရာနှင့် အထက်စက်တော်ရာရှိ မျက်နှာကြက် ရွှေယွန်းပန်းချီများကိုလည်း ရှေးမူလက်ရာအတိုင်း ရရှိစေရန် ပုဂံဒေသမှ ပန်းယွန်းပညာရှင်များကိုခေါ်ယူ၍ ယွန်းအလှပန်းများ တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ASH

# Dunki ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ခုနစ်သန်းသာရရှိခဲ့

**နယူးယောက် ဒီဇင်ဘာ ၂၄**

ကမ္ဘာကျော် အိန္ဒိယရုပ်ရှင်မင်းသားရှရွတ်ခန်း၏ Dunki ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ခုနစ်သန်းသာရရှိခဲ့ကြောင်း ဒီဇင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

Dunki ဇာတ်ကားသည် ယခုနှစ်အတွင်း ရုံတင်ပြသခဲ့သော မင်းသားရှရွတ်ခန်း၏ ရုပ်ရှင်ဇာတ်ကားသုံးကားအနက် စတင်ရုံတင်သည့်နေ့တွင် ဝင်ငွေအနည်းဆုံးဇာတ်ကားဖြစ်ကြောင်း သိရသည်။


Dunki ဇာတ်ကားမတိုင်မီရုံတင်ခဲ့သည့် ဇာတ်ကားများဖြစ်သော Pathaan နှင့် Jawan ဇာတ်ကားတို့သည် စတင်ရုံတင်ရက် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃ သန်းနှင့် ၁၅ ဒသမ ၅ သန်းရရှိခဲ့ကြသည်။

Dunki ဇာတ်ကားရရှိခဲ့သည့် ပထမဆုံးစတင်ရုံတင်ရက် ဝင်ငွေအနက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းမှာ အိန္ဒိယပြည်တွင်းဈေးကွက်မှ ရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒီဇင်ဘာ ၂၁ ရက်က ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Dunki ဇာတ်ကားကို နာမည်ကျော် အိန္ဒိယဒါရိုက်တာ ရာ့ကူးမားဟီရာနီက တာဝန်ယူရိုက်ကူးပေးထားပြီး ရှရွတ်ခန်းနှင့်အတူ မင်းသမီး တာပစီပန်နူး၊ မင်းသား ဗစ်ကီကိုရှဲတို့လည်း ပါဝင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ တောဆင်အုပ်ရုပ်များ ဝင်ရောက်လာ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ တောဆင်အုပ်ရုပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ တောဆင်အုပ်ရုပ်များမှာ မလေးရှားပိတောက်သားဖြင့် ထုလုပ်ထားခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဒီဇင်ဘာလ တတိယပတ်မှစတင်ကာ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ပဲခူးရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းကနေ ဆင်လေးကောင်ပါ တောဆင်အုပ်ရုပ်တွေ ဈေးကွက်ထဲကို ဝင်လာပါတယ်။ သစ်ပင်နဲ့ ဆင်လေးကောင်ပါအောင် ထုလုပ်ထားတဲ့ တောဆင်အုပ်ရုပ်က



အမြင်ဆန်းတဲ့အပြင် လက်ရာကလေး ကောင်းတဲ့အတွက် ဝယ်ယူသူများပါတယ်။ အခုရက်ပိုင်းမှာ အရုပ် ၁၅ ခုလောက် ရောင်းရပါတယ်။ ဈေးနှုန်းနဲ့အရွယ်အစားကတန်တဲ့အတွက်လဲ အရောင်းသွက်တာဖြစ်ပါတယ်"ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ တောဆင်အုပ်ရုပ်၏ အရွယ်အစားများမှာ အလျား ၂၅ လက်မ၊ အမြင့် ၁၄ လက်မ၊ ဒု ၅ ဒသမ ၅ လက်မ အရွယ်အစားရှိပြီး တောဆင်အုပ်ရုပ်မှာ တစ်ခုလျှင် ငွေကျပ် ၂၀၀၀၀၀ ခန့်ဖြစ်ကာ ယခုဒီဇင်ဘာလအတွင်း အရုပ် ၅၀ ခန့် ဈေးကွက်အတွင်း ဝင်ရောက်ထားပြီး ၁၅ ခုခန့် ရောင်းချထားကြောင်း သိရသည်။

ASH

# Superman: Legacy ဇာတ်ကားကို ၂၀၂၄ ခုနှစ် မတ်လတွင် ရိုက်ကူးရန်စီစဉ်ထား

**နယူးယောက် ဒီဇင်ဘာ ၂၄**

Superman: Legacy ဇာတ်ကားကို ၂၀၂၄ ခုနှစ် မတ်လတွင် စတင်ရိုက်ကူးရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း ဒီဇင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

Superman: Legacy ဇာတ်ကားသည် ဒါရိုက်တာဂျိမ်းဂန်းက မာဗယ်စတူဒီယိုအတွက် ပထမဆုံး ရိုက်ကူးပေးမည့် ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့်ကာလကို ဒါရိုက်တာ ဂျိမ်းဂန်းကလည်း လူမှုမီဒီယာစာမျက်နှာတွင် အတည်ပြုထားကြောင်း သိရသည်။


Superman: Legacy ဇာတ်ကားသည် Superman က ခရစ်တိုပီယံ ဂြိုဟ်သားမျိုးနွယ်များနှင့် ပြန်ဆုံစည်းရန် ကြိုးပမ်းပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသားဒေးဗစ်ကိုရန်စဝပ်နှင့် မင်းသမီးရာချယ်ဘရောစနန်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် အမေရိကန် ပြည်တွင်းဈေးကွက်၌ စတင်ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# မင်္ဂလာတောင်ညွန့်မြို့နယ် Catholic Home for the Aged ရှိ ဘိုးဘွားများကို သရုပ်ဆောင် လှနုထွန်းက စောင်နှင့်အဝတ်အထည်များ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် Catholic Home for the Aged ရှိ ဘိုးဘွားများအား သရုပ်ဆောင် လှနုထွန်းက စောင်နှင့် အဝတ်အထည်များကို ဒီဇင်ဘာ ၂၃ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် Catholic Home for the Aged ဘိုးဘွားရိပ်သာတွင် အဘိုး၊ အဘွား ၁၀၄ ဦးရှိကြောင်း၊ အဆိုပါအဘိုး၊အဘွားများအား စောင်အပါအဝင် မျက်နှာသုတ်ပဝါ၊ ဦးထုပ် စသည့်အဝတ်အထည်များကို လှူဒါန်းခဲ့ပြီး လှူဒါန်းမှုစုစုပေါင်းတန်ဖိုးမှာ ငွေကျပ်သုံးသိန်းခန့်ဖြစ်ကြောင်း သိရသည်။

"လှနုကလဲ သားသမီးမရှိတော့ တစ်ချိန်ချိန်မှာ ဒီလိုဘိုးဘွားရိပ်သာမှာနေရမှာပဲလေ။ ဘိုးဘွားတွေအနေနဲ့ ငါတို့မှာ လာလည်တဲ့ဧည့်သည်ရှိပါသေးလားဆိုတဲ့အတွေးနဲ့ နောက်နေ့တွေကို မျှော်လင့်ချက်နဲ့ အသက်ဆက်ရှင်စေချင်တာပါ။ သူတို့တွေ လှနုကိုမသိကြပါဘူး။ လှနုရဲ့ရုပ်ရှင်ရိုက်ခွင့်ရတဲ့ဝင်ငွေလေးနဲ့ ဘိုးဘွားတွေကိုလှူဒါန်းရလို့ ကျေနပ်ပီတိဖြစ်ရပါတယ်"ဟု သရုပ်ဆောင်လှနုထွန်းက ပြောပြသည်။

သရုပ်ဆောင် လှနုထွန်းသည် လတ်တလောရုံတင်ပြသနေသည့် စာရိတ္တရုပ်ရှင်ဇာတ်ကားတွင် အမိကဇာတ်ပို့တစ်ဦးအဖြစ် ပထမဆုံးပါဝင်သရုပ်ဆောင်ထားသူဖြစ်ပြီး ရုပ်ရှင်သရုပ်ဆောင်အဖြစ် မဆောင်ရွက်မီက လူမှုကွန်ရက်စာမျက်နှာတွင် လူသိများသူတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing attends Christmas Day thanksgiving ceremony



Senior General Min Aung Hlaing speaks at Christmas Day thanksgiving ceremony.

**Nay Pyi Taw December 24**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the Christmas Day thanksgiving ceremony at St Michael Cathedral in Yanaung Ward 1 in Pyinmana of Nay Pyi Taw Council Area this afternoon.

Also present at the ceremony were Daw Kyu Kyu Hla, wife of the Senior General, the Council Joint Secretary and wife, council members and wives, Union ministers and their wives, senior military officers from the Office of the Commander-in-Chief and their wives, the chairman of Nay Pyi Taw Council, the commander of Nay Pyi Taw Command, Chairman of Nay Pyi Taw Council Area Council of Churches Rev Dr Tin Maung Aye, bishops and nuns, Catholic youth groups and town elders of Christianity and guests.

On arrival at St Michael Cathedral, the Senior General and wife were welcomed by Nay Pyi Taw Council Area Council of Churches Rev Dr Tin Maung Aye, bishop Soe Lin Aung, Christian reverends and officials.

Bishop Soe Lin Aung opened the Christmas Day ceremony while Christian youths sang the choirs.

In his greetings, Dr Tin Maung Aye, on behalf of the people in Christianity, **expressed his thanks to the SAC Chairman Prime Minister Senior General Min Aung Hlaing for attending the ceremony amid busy duties of the State with the aim of ensuring peace and stability of the State with patriotic spirit, emphasizing the people of Christianity.** He prayed for the Senior General and party to be calm, delight and happiness in the Christmas period.



Senior General Min Aung Hlaing greets those in attendance.

Speaking on the occasion, the Senior General extended greetings to mark the Christmas. He said that those in Christianity hold the X-mas ceremony in December yearly. Especially, as the Christmas Day is designated on 25 December yearly with delight and happiness to show compassion and sympathy to each other, today is a great significant day for the people in Christianity.

**The Senior General expressed his delight for joining the Christmas Day together with people in Christianity. The Senior General prayed for global people including all Myanmar people as well as people in Christianity under compassion and peace and prosperity of the Jesus Christ.**

The essence of worshiping at the Christmas ceremony proves compassion, love and sympathy of the Lord for the human beings. So, everybody needs to keep loving-kindness and loves for all and essence of Christmas in mind. If so, all human beings can shape the peaceful and prosperous world from the peaceful and prosperous society.

There are many religions across the world, Buddhism, Christianity, Islam and Hinduism of which are four major religions. **Any religions of the people indicate religious and social advantages, peace, compassion, love and sympathy for human beings.**

On the other hand, these religions shape morality and culture of human and protect the human beings to discard hate and hostility, violent destruction, killing and torture and all misdeeds but forge peace and prosperity of the society. If they follow advice of religions, Myanmar will be a society with peace and prosperity.

In Myanmar, all religions including Christianity, Islam, and Hinduism are recognized together with the Buddhism that the majority of Myanmar citizens believe in and value. All religious events are allowed to be held independently by all ethnic people who believe in different religions in line with the existing laws as long as those activities do not impact on others. All religions recognized are truly assisted in accord with the provision prescribed in the Constitution.

Along with Buddhism, which is the most worshiped in Myanmar, Christianity, Islam, Hinduism and other religions have existed together since time immemorial. Welfare tasks of the nation have been carried out with a spirit of brotherhood and sisterhood through mutual respect and unity without harming any religion, without discrimination and regardless of race and religion. Such good deeds need to continue, and it is necessary to always be aware of and prevent acts of those who are attempting to abuse religion, harm unity among our citizens, and lessen respect and trust.

I would like to say a little about peace. **Every religion is based on peace, so every society needs peace. As the SAC has always opened the doors of peace, the Tatmadaw is always ready for peace and is forever inviting and welcoming for peace.** According to Myanmar's history, every government that has been in charge of the country has always made serious efforts for peace.

During government's tenure, we have established processes for peace and are making strenuous efforts. The Christian abbots and Christians who came here today are urged to participate in whatever ways they can to achieve eternal peace in their own regions and the country where they live.

Two national goals set in the country are national prosperity and food security. **As the main teaching of religion is "prosperity", I would like to urge everyone to work together for the peace and prosperity of the country.** Living and working according to the teachings of religion will lead to prosperity. Abundant food supply will directly contribute to the prosperity of the country. Therefore, all people of different faiths should work hard in accordance with their religions.

**From the occasion of Christmas Day 2023, everyone is urged to make an all-out effort to achieve stability, peace and security as quickly as possible and enable all citizens to enjoy the rights of peace and peaceful co-existence of all religions.**

More than 2,000 years ago, on the night of Christ's birth, angels appeared to the shepherds and said, **"Peace on Earth and Good will toward men" in "Luke chapter 2 verse 14."**

Religion is a spiritual belief for humans. It is a refuge as well as a great force. For peace, prosperity and development, which are necessary for the well-being of mankind, it is believed that participation of the religious arena could also be of great benefit.

For the Christian abbots and bishops who led today's program, Union level departmental officials, senior military officers, special guests and all the citizens of the country, may they be blessed with good health, prosperity, love, peace, joy and the blessings of Christmas.



Senior General Min Aung Hlaing and Daw Kyu Kyu Hla present a basket of fruit.

After that, Bishop Shamo Aye La extended special greetings.

Then, the Prime Minister and wife, together with the Christian abbots and bishops, nuns, Catholic youth groups and Christian elders, sang the hymn "Silent Night, Holy Night" in chorus.

Afterwards, Bishop Soe Lin Aung and nun Naw Judis presented Christmas souvenirs to the Senior General and wife, who returned a commemorative fruit basket and cash donations.

Later, the Senior General, wife and party cordially greeted the Christian abbots and others in attendance, and had lunch in honour of Christmas Day Thanksgiving together with them. 100

# SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win attends ceremony to commission warships to mark the 76th Anniversary of Tatmadaw (Navy)


Vice-Senior General Soe Win delivers speech at the warship commissioning ceremony.


Vice-Senior General Soe Win accepts the scale model of a newly commissioned warship.


Vice-Senior General Soe Win presents a basket of fruit.

**Nay Pyi Taw December 24**

With the aim of fully protecting the maritime interest of the State and exclusive economic zone of Myanmar, the commissioning of war ships and transfer of combat vessels to Myanmar Coast Guard was held at the 76th Anniversary of Tatmadaw (Navy) of Republic of Union of Myanmar at the No3 naval jetty in Yangon this afternoon. On behalf of the Chairman of State Administration Council Commander-in-Chief of Defence Services, SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win delivered an address.

Also present were Daw Than Than Nwe, wife of the Vice-Senior General, Union Minister for Defence Admiral Tin Aung San and wife, union ministers, Commander-in-Chief (Navy) Admiral Moe Aung and wife, senior military officers from Office of Commander-in-Chief and wives, the Yangon Region chief minister, the Yangon Command commander, the Yangon mayor, naval base commanders, officers and other ranks of Tatmadaw (Navy).

According to the agenda Chief of Staff (Navy) Vice-Admiral Zwe Win Myint explained the salient points of naval vessels to be commissioned. Commandant of Naval Shipyards presented papers related to the commissioned ships to the tactical flotilla commander, and the Ayeyawady Naval Base Commander, papers related to the transferred ships to Myanmar Coast Guard director general.

The Vice-Senior General said at the today's ceremony, two 33-metre long costal guard ships, the 7th and 8th 27-metre Super Dvora fast patrol boats erected Tatmadaw (Navy) by accepting technology from abroad, and one river patrol boat were put into service for Tatmadaw (Navy) and one offshore patrol boat and two coastal combat vessels were transferred to the coast guard as the reinforcements for the two.

Of the phase-by-phase naval built-up program, the first phase of turning Tatmadaw (Navy) into a Three Dimensional Combat Ready Navy that can fully protect the exclusive economic zone has already been realized. The second phase is to turn it into an Adjacent Force Projection Navy/Regional Navy that can station its ships in Myanmar seas of the Indian Ocean and adjacent seas. The Navy needs powerful ships that can stay at sea for a longer time to realize this stage. Hence, the nation will continue its program of building ships. Based on the development in our maritime interest, the country will realize the third phase -- Blue Water Navy Ambition – to send ships to the blue seas where national interest lies. In order to realize all the phases, the Navy needs powerful naval ships as well as skilled personnel to handle and operate them well. Hence, it also needs a constant training program for its members.

Quality of the ships built by the Navy is improving alongside its increase in naval ship building experiences. Continuous efforts are required to improve the capability of every naval ship in building powerful war ships. Here, all the officials and other ranks who are taking the ship-building responsibilities are honoured.

Applying current experience and competent shipbuilding capabilities, modern, powerful and highly capable warships must be built in future dockyards by combining future shipbuilding capabilities. In addition to powerful warships, Not only naval power but also national maritime power can enhance by building civilian cargo ships and tankers

After devastating Cyclone Mocha made landfall inland through Sittway on 14 May this year, foodstuffs and relief items were transported by warships from the Tatmadaw (Navy) immediately. It was also found that more than 9,000 tons of goods were transported by 49 warships from Yangon to Sittway during the rehabilitation period after the storm. It can be proved that such humanitarian operations could be carried out effectively by the navy.

As the Senior General Prime Minister had authorities carry out See Page 14


Vice-Senior General Soe Win on board a newly commissioned warship.


Vice-Senior General Soe Win inspects a newly commissioned warship.

# Daw Than Than Nwe, wife of Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, visits people receiving medical treatment at Regional Military Hospital in Thanlyin Station and Handicraft Art Exhibition to mark Anniversary of Tatmadaw(Navy)



Daw Than Than Nwe presents gift to a patient.



Daw Than Than Nwe views domestic handicrafts on display.

**Nay Pyi Taw December 24**

Daw Than Than Nwe, wife of Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by wives of union ministers, wives of senior military officers of Office of the Commander-in-Chief of Defence Services, and officials, visited and encouraged people receiving medical treatment at Regional Military Hospital in Thanlyin Station, Yangon Region, this morning.

First, Daw Than Than Nwe and party visited families receiving medical treatment at the maternity ward and pediatric ward of the regional military hospital and inquired about their disease, medical treatment and improvement of their health condition individually, encouraged them and presented foodstuffs and cash assistance to them.

Then, Daw Than Than Nwe and party visited the handicraft art exhibition to commemorate the 76th Anniversary of Tatmadaw (Navy) at Thiri Maha Zeya Kyaw Htin Hall and viewed domestic handicraft items and cotton paintings created by family members of the Tatmadaw (Navy) on display at the exhibition and watched a show on costumes designed and sewn by the family members there.

Later, Daw Than Than Nwe presented funds to the maternal and child welfare association through an official. 100

**From Page 13**

rehabilitation tasks during the rehabilitation period out of goodwill in accordance with the saying, "Whoever breaches norms, one must keep one's own principle," 99 percent of the tasks have been completed. As terrorists have been resumings sabotage since that very moment, lives and property of the people in Rakhine State were destroyed and stability of the state has been disrupted.

We are proud that under the current political circumstance, officers and other ranks of the Tatmadaw (Navy) have been carrying out counter-insurgency operations in cooperation the Tatmadaw (Army) and the Tatmadaw (Air) for the perpetuation of the sovereignty of the state and protection of lives and property of the people.

As the sea shapes the future interests of the country, it is the main responsibility of the Tatmadaw (Navy) to safeguard the sea. The Tatmadaw (Navy), which has played a major role in safeguarding Myanmar maritime security in successive eras, is celebrating its 76th anniversary today. Thanks to the efforts of helmsmen and comrades who served in the Tatmadaw (Navy) throughout its history, it has become a powerful and capable navy, which can be relied on by the country, the Tatmadaw and the people.

On this occasion, serving officers and other ranks, who have a chance to participate in the 76th anniversary of the Tatmadaw (Navy) are urged to exert utmost efforts to preserve the fine historical traditions proudly.

Then, the Commander-in-Chief (Navy) presented scale-down replicas of warships commissioned at the ceremony to the Vice-Senior General.

Then, the Vice-Senior General presented an honorary flower basket and cash rewards sent by the Senior General to officers and other ranks who built the warships to responsible officers.

Afterward, the Commander-in-Chief (Navy) carried out the commissioning process such as announcing the newly commissioned warships, raising the Navy Flag and the commissioning flag and ringing the bell eight times in its proper order.

Then, the Vice-Senior General and party inspected newly commissioned warships including two 33-metre long coastguard ships, two 27-metre long coastguard boats and a patrol board along rivers and vessels transferred to the Myanmar Coastguard while responsible officers explained salient points about them.

Afterwards, the Vice-Senior General and party posed for documentary photographs with guests. 100

# Navigation signs posted along Ayeyawady River between Mandalay-Ywathitgyi route

**Mandalay December 24**

Navigation signs are being posted on both banks of Ayeyawady River between Mandalay and Ywathitgyi, said assistant director U Ye Tun Lin Aung of Mandalay Region Department of Water Resources and Improvement of River Systems.

A total of 40 navigation signs are being placed on the river and 40 more on the banks of Ayeyawady River between Mandalay and Ywathitgyi section from 21 December for enduring safely driving of vessels.

"As some parts of the river see sandbanks in Ayeyawady River, navigation signs are being placed for safely driving of vessels. The signs are being erected starting from 21 December," said the assistant director.

Now is time of ebbing water level in the river. At present, passenger and cargo ships are driving along the water course by avoiding sandbanks.

Due to emergence of sandbanks, water courses are changing in the river day by day, and vessels need to take care of driving in daily routines. 184

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Counter-Drone နည်းလမ်းများ

**မျိုးခိုင်(ရေနံချောင်း)**

**ယမန်နေ့မှအဆက်**

**Optical Sensors များ**

Optical Sensors များသည် ဒရုန်းဝင်ရောက်ကျူးကျော်မှု၊ ပျံသန်းလာမှုများကို မျက်မြင်အားဖြင့် အတည်ပြုနိုင်စေသည့် အာရုံခံစနစ်များဖြစ်သည်။ Optical Sensors များသည် Counter UAS စနစ်တွင် ပေါင်းစပ်ထားသော ကင်မရာများပင်ဖြစ်သည်။ ကြည်လင်ပြတ်သားမှုမြင့်မားသော ဗီဒီယိုသည် လုံခြုံရေးပံ့ပိုးသူများကို ဒရုန်းတွင်တပ်ဆင်ထားသော Payload များကို တိကျစွာမြင်နိုင်သည့်အတွက် ခြိမ်းခြောက်မှုအပေါ် ပြတ်သားစွာ တုံ့ပြန်နိုင်စေသည်။ အလင်းအာရုံခံကိရိယာများသည် ရိုးရှင်းသော လုံခြုံရေးကင်မရာများမှ အဆင့်မြင့်အင်ဂျင်နီယာလုပ်ဆောင်ချက်များဖြင့် EO/IR စွမ်းရည်ရှိသော ကင်မရာများထိ ခေတ်မီဆန်းပြားစွာ တီထွင်အသုံးပြုလာကြပြီဖြစ်သည်။

**Counter-UAS တိုက်ဖျက်ရေးနည်းလမ်းများ**

Counter-UAS တိုက်ဖျက်ရေးမဟာဗျူဟာများကို အမျိုးအစား လေးမျိုးခွဲခြားနိုင်သည်။

(က) Jammers
(ခ) Cyber-Takeover
(ဂ) အရွေ့စွမ်းအင်သုံးစနစ်များ
(ဃ) စွမ်းအင်မြင့် လက်နက်စနစ်များ

နည်းလမ်းတစ်ခုစီတွင် လက်ရှိသတ်မှတ်ထားသော ခြိမ်းခြောက်မှုနှင့် ကာကွယ်ထားသည့် ပစ်မှတ်ပေါ်မူတည်၍ ၎င်း၏အကျိုးကျေးဇူးများနှင့် အားနည်းချက်များရှိသည်။ CUAS နည်းလမ်းများကို အမျိုးအစားခွဲခြားရန် အခြားနည်းလမ်းမှာ Proactive နှင့် Reactive ဟူ၍ ထပ်မံခွဲခြားနိုင်သေးသည်။ Proactive Countermeasures တန်ပြန်ဆောင်ရွက်မှုများသည် ဒရုန်းတစ်စင်း၏ ရည်ရွယ်ထားသော ပျံသန်းမှုလမ်းကြောင်းကို မျှော်မှန်းနိုင်သည့် နည်းလမ်းများဖြစ်သည်။ Proactive Countermeasures သည် ဒရုန်း၏လမ်းကြောင်းပြစနစ်ကို Jamming ပြုလုပ်ခြင်း သို့မဟုတ် ၎င်း၏ပစ်မှတ်သို့မရောက်ရှိမီ ဒရုန်းကို ရပ်တန့်၊ ဟန့်တားခြင်းကဲ့သို့သော ကာကွယ်ရေးအစီအမံများကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ အာရုံခံစနစ်များဖြင့် ဒရုန်းကိုတွေ့ရှိပြီးသည်နှင့် Reactive Countermeasures တန်ပြန်လုပ်ဆောင်မှုများ ဆောင်ရွက်နိုင်သည်။ ၎င်းနည်းလမ်းတွင် ဒရုန်းများကို အသက်မဲ့စေခြင်း၊ အချက်အချာနေရာများပေါ်တွင် ပျံသန်းနေသောဒရုန်းများကို ကြားဖြတ်ဟန့်တားရန် ကာကွယ်ရေးစနစ်များကို ပြန်လည်နေရာချထားခြင်း သို့မဟုတ် အနီးနားတွင် ဒရုန်းတွေ့ရှိပါက သတိပေးချက်များထုတ်ပြန်ခြင်းတို့ ပါဝင်သည်။

**Radio Frequency Jammers**

Jammer များသည် ဒရုန်းနှင့် ထိန်းချုပ်ရေးဌာနကြား ဆက်သွယ်ရေးချိတ်ဆက်မှုကို အနှောင့်အယှက်ပေးခြင်းဖြစ်သည်။ လှိုင်းထုတ်လွှင့်မှု Transmission Link ကို ဖြတ်တောက်နှောင့်ယှက်ခြင်းဖြင့် Jammers များသည် ဒရုန်းရန်မှ ဘေးကင်းလုံခြုံစေရန် ဒရုန်းသည် ပုံမှန်အားဖြင့် မြေပြင်သို့ ပြန်လည်ဆင်းသက်ခြင်း သို့မဟုတ် ၎င်းကိုပစ်လွှတ်သည့်နေရာသို့ ပြန်လည်ဆင်းသက်သွားခြင်းမျိုးကို လုပ်ဆောင်နိုင်စေမည်။ Jammers များသည် RF သုံး ဒရုန်းများအားလုံးတွင် ဖျက်ဆီးမှုများကိုလုပ်ဆောင်နိုင်သည့်အတွက် Drone Swarms များကိုလည်း ထိုနည်းအတိုင်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ Jammer များသည် ပုံသေမြေပြင်အခြေစိုက်၊ ယာဉ်တင်ပုံစံ၊ တစ်ကိုယ်ရေသယ်သေနတ်ပုံ စသည်ဖြင့် အမျိုးမျိုးထုတ်လုပ်ထားကြသည်။ ၎င်းတို့ကို Omni-Directional Force သို့မဟုတ် Conic Beam အင်တင်နာ အမျိုးအစားဖြင့် ထိန်းကျောင်းလုပ်ဆောင်လေ့ရှိသည်။ ဒရုန်းတစ်စင်းပေါ်တွင် ဆက်သွယ်ရေးများ ပြတ်တောက်သွားသည်နှင့် ၎င်းသည် အခြားသူများကို အန္တရာယ်ပေးနိုင်မှုနှင့် ဒရုန်းကိုထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက် ကြိုတင်စီစဉ်ထားသည့် Safety Mode သို့ ကူးပြောင်းသွားခြင်းဖြစ်သည်။



တန်ပြန်ဒရုန်းဖျက်သေနတ်ကို တွေ့ရစဉ်။

**Cyber-Takeover**

Cyber-Takeover ဆိုက်ဘာနည်းဖြင့် တန်ပြန်ခြင်းသည် ထိန်းချုပ်ရေးဌာန၊ ကွပ်ကဲမှုစနစ်အဖြစ် အယောင်ဆောင်ကာ ဒရုန်းကို အဝေးတစ်နေရာမှ လွှဲပြောင်းရယူခြင်းဖြင့် ဒရုန်းရန်ကို ကာကွယ်နိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ ၎င်းသည် ဒရုန်းကို ဟက်ခ် (Hacking) ပြုလုပ်ခြင်းဖြစ်ပြီး အဓိကအားဖြင့် ဒရုန်းကိုထိန်းချုပ်နိုင်ရန် လှည့်စားခြင်းဖြစ်သည်။ Cyber-Takeover နည်းလမ်းသည် ဒရုန်း၏ပျံသန်းမှုကို ထိန်းကျောင်းနိုင်ပြီး ဒရုန်းထံမှ အချက်အလက်ဒေတာနှင့် ကင်မရာကို ဝင်ရောက်ကြည့်ရှုခွင့်ရရှိသွားခြင်းဖြစ်သည်။ ၎င်းသည် ဒရုန်းပျံသန်းနေစဉ်တွင် လုပ်ဆောင်နိုင်သော ညင်သာစွာထိန်းချုပ်နိုင်သည့် နည်းလမ်းဖြစ်သည်။ ဆိုက်ဘာတိုက်ခိုက်မှုနည်းလမ်း အောင်မြင်မှုနှုန်းနည်းပါးရခြင်း အကြောင်းရင်းနှစ်ရပ်မှာ ဒရုန်းရန်လျော့ပါးပျက်ပြယ်စေရေးအတွက် Hacking ပြုလုပ်၍ ထိန်းချုပ်မှုစနစ်သည် ဒရုန်း၏ လှိုင်းနှုန်းကူးပြောင်းမှုများ (Frequency Hopping) ကို ခန့်မှန်းတွက်ချက်နိုင်ရမည်ဖြစ်ပြီး ဒရုန်းကို ထိန်းကျောင်းပျံသန်းနေသော အဝေးထိန်းစနစ်ထက် ပိုမိုအားကောင်းသော Signal ထုတ်လွှင့်နိုင်မှုကို အမြဲတစေ ထိန်းသိမ်းထားနိုင်ရမည့် အချက်များကြောင့်ဖြစ်သည်။ ထို့ပြင် ဆိုက်ဘာတိုက်ခိုက်ခြင်းနည်းလမ်းသည် ဒရုန်းအုပ်ဖြင့် ပျံသန်းလာမှုများတွင် Hacking ပြုလုပ်၍ ထိန်းချုပ်နိုင်စွမ်းမရှိသေးပါ။

**Kinetic Mitigation အရွေ့စွမ်းအင်သုံး တန်ပြန်ရေး နည်းလမ်းများ**

Kinetic Solutions များသည် ဒရုန်းကို ၎င်း၏ ရည်ရွယ်ထားသောပစ်မှတ်သို့ မရောက်ရှိစေရန် ရုပ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်စေသည့် ရွေးချယ်စရာနည်းလမ်းအားလုံး အကျုံးဝင်မည်ဖြစ်သည်။ ၎င်းတို့တွင် ဒုံးကျည်များ၊ Kamikaze ဒရုန်းများ၊ ပိုက်ကွန်ပစ်သည့် ဒရုန်းများနှင့်အထူးလေ့ကျင့်ထားသည့် သားကောင်ငှက်များပင် ပါဝင်နိုင်သည်။ စိတ်ကျေနပ်မှုရစေသည့် Kinetic Solutions တန်ပြန်ရေးနည်းလမ်းများသည် အောင်မြင်မှုနှုန်းနည်းပါးနေသေးပြီး အုပ်စုဖွဲ့ပျံသန်းလာသော ဒရုန်းများတွင် ကောင်းစွာတန်ပြန်နိုင်ခြင်းမျိုးတော့ မရှိသေးပေ။

**High Energy Mitigation Options စွမ်းအင်မြင့်မားစွာအသုံးပြု၍ တန်ပြန်ရေးနည်းလမ်းများ သို့မဟုတ် တိုက်ရိုက်စွမ်းအင်သုံးစနစ်များ**

**(က) လေဆာများ**

လေဆာများသည် စွမ်းအင်မြင့်မားစွာအသုံးပြု၍ တန်ပြန်သည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်ပြီး အန္တရာယ်ရှိသော ဒရုန်းများကို တိုက်ခိုက်ဖျက်ဆီးရန်အတွက် အသုံးပြုနိုင်သည်။ လေဆာများသည်ကုန်ကျစရိတ်သက်သာပြီး အကွာအဝေးစွမ်းရည် ပိုမိုထိရောက်မှုရှိသည်။ ၎င်းတို့သည် ရေဒီယိုအချက်ပြမှုမရှိဘဲ လည်ပတ်နေသော ဒရုန်းများ သို့မဟုတ် အလိုအလျောက် အစီအစဉ်အတိုင်းလုပ်ဆောင်သည့် ဒရုန်းများအပါအဝင် Jamming နည်းလမ်းများကို ခံနိုင်ရည်ရှိသည့် အားကောင်းသောဒရုန်းများကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။ ၎င်းတို့ကို ယာဉ်များ သို့မဟုတ် လေယာဉ်ပေါ်တွင်တပ်ဆင်နိုင်ပြီး တပ်ဆင်ချိန် များစွာမလိုအပ်ပါ။ ၎င်းတို့သည် လူများ သို့မဟုတ် အခြားအရာဝတ္ထုများအပေါ်တွင်လည်း သက်ရောက်မှု အနည်းငယ်သာရှိသဖြင့်လူနေထူထပ်သော နေရာများတွင်အသုံးပြုရန် ဘေးကင်းစေသည်။ အားနည်းချက်များတွင် ဆိုးရွားသောရာသီဥတုနှင့် အခြား Line of Site ဆိုင်ရာအချက်များကြောင့် တန်ပြန်သက်ရောက်မှုများ ရှိလာနိုင်ခြင်းဖြစ်သည်။

**(ခ) High Power Microwave (HPM) ကိရိယာများ**

စွမ်းအားမြင့် မိုက်ခရိုဝေ့ဖ်ကိရိယာများသည် ဒရုန်းများကို ရပ်တန့်ရန်အတွက် စွမ်းအားမြင့်လျှပ်စစ်သံလိုက်စွမ်းအင်ကို အသုံးပြုသည်။ တန်ပြန် UAS စနစ်သည် အလွန်အစွမ်းထက်သော မိုက်ခရိုဝေ့ဖ်ရောင်ခြည်ကို ထုတ်လွှတ်ကာ စက္ကန့်ပိုင်းအတွင်း အသေးစားဒရုန်းတစ်စင်းကို ဖျက်ဆီးပစ်နိုင်သည်။ တန်ပြန် UAS စနစ်သည် အနီးနားရှိဒရုန်းများကို အသက်မဲ့သွားစေရန် သို့မဟုတ် ဖျက်ဆီးရန် စွမ်းအားမြင့် မိုက်ခရိုဝေ့ဖ်များကို အသုံးပြုတိုက်ခိုက်ခြင်းဖြစ်သည်။ အဆိုပါ မိုက်ခရိုဝေ့ဖ်ကိရိယာသည် ပြင်းထန်သောရောင်ခြည်တန်းကို ထုတ်လွှတ်ပြီး ဒရုန်းများကို လျင်မြန်စွာဖျက်ဆီးပစ်နိုင်သည်။ ကျယ်ပြန့်သောဧရိယာအတွင်း ဒရုန်းများ၏ ဟာ့ဒ်ဝဲပိုင်းဆိုင်ရာကို ဖျက်ဆီးနိုင်စွမ်းရှိသည့် Wide Beam အလင်းတန်းကြောင့် ဒရုန်းတစ်စင်းချင်းစီ သို့မဟုတ် အလိုအလျောက် လုပ်ဆောင်နိုင်သော ဒရုန်းအစုအဝေးများကိုပင် ပျက်ပြယ်၊ တန်ပြန်နိုင်စေမည်ဖြစ်သည်။ HPM ကိရိယာများသည် ကုန်ကျစရိတ်မြင့်မားသော နည်းပညာတစ်ခုဖြစ်ပြီး အစဉ်အလာအားဖြင့် စစ်ဘက်သုံးစနစ်များအဖြစ် ပိုမိုမြင်တွေ့နိုင်မည်ဖြစ်သည်။

အထက်ဖော်ပြပါ ဒရုန်းရန်မှ လျော့ပါးသက်သာရေးနည်းလမ်းအားလုံးအပြင် အနီးနားရှိ ဒရုန်းကိုတွေ့ရှိသောအခါတွင် အကာအကွယ်အစီအမံများအဖြစ် ပိုမိုလုပ်ဆောင်နိုင်သော အခြားတုံ့ပြန်မှုနည်းလမ်းများကိုလည်း အကန့်အသတ်ဖြင့် ဖော်ထုတ်အသုံးပြုနိုင်သည်။ ၎င်းတို့သည် ယေဘုယျအားဖြင့် "ပုံဖျက်ဖုံးကွယ်မှု"ဟုခေါ်သော နည်းဗျူဟာအောက်တွင် အကျုံးဝင်လေ့ရှိသည်။ ဥပမာအားဖြင့် အချို့သော ခေတ်မီရုံးခန်းအဆောက်အအုံများတွင် ဒရုန်းကင်မရာများဖြင့် မိမိတို့ကို သူလျှိုလုပ်ခြင်းမှ ကာကွယ်ရန် အပြင်ဘက်မှ အထဲမြင်ကွင်းများကို မြင်နိုင်စွမ်းမရှိသည့် Window Shades ပြတင်းပေါက်များ တပ်ဆင်သည့်ပုံစံမျိုးဖြစ်သည်။

**Integrated Counter-UAS စနစ်များ**

ပေါင်းစည်းထားသော တန်ပြန် UAS စနစ်များသည် လေပိုင်နက်လုံခြုံရေးအတွက် စစ်မှန်သော တစ်ခုတည်းအဖြေဖြစ်သည်။ အာရုံခံနည်းပညာအမျိုးမျိုးကို ပေါင်းစပ်ခြင်းဖြင့် တန်ပြန် UAS စနစ်သည် အော်ပရေတာများကို ဒရုန်းတည်နေရာများနှင့် ရွေ့လျားမှုများဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေမည်ဖြစ်ပြီး ဖြစ်နိုင်ခြေရှိသော ဦးစားပေးခြိမ်းခြောက်မှုများကို လျင်မြန်စွာ သိရှိဖော်ထုတ်နိုင်စေရန် ကူညီပေးသည်။ တစ်ချိန်တည်းမှာပင် လျော့ပါးသက်သာစေရန် ရွေးချယ်စရာများစွာရှိခြင်းသည် လုံခြုံရေးတာဝန်ထမ်းဆောင်မည့်အဖွဲ့ကို အထိရောက်ဆုံးဖြေရှင်းချက်ကို ရွေးချယ်ဆုံးဖြတ်နိုင်စေသည်။ ပြဿနာမှာ ဖြစ်နိုင်ခြေရှိသော ခြိမ်းခြောက်မှုအသစ်များကို တစ်ပြိုင်နက် ဆန်းစစ်အဖြေရှာနေချိန်မျိုးတွင် အော်ပရေတာမှ လျင်မြန်စွာသိရှိနားလည်နိုင်သော တစ်ခုတည်းသော လေကြောင်းအခြေအနေပြပုံ (Single Operating Picture) ကို ဤအာရုံခံကိရိယာ၊ စနစ်များအားလုံးက ယူဆောင်ပေးလာနိုင်သည့်အတွက်ကြောင့်ဖြစ်သည်။ ထို့ကြောင့် ဘက်စုံသုံးအာရုံခံစနစ်များမှ သတင်းအချက်အလက်များကို Multi-Sensor Fusion တစ်စုတစ်စည်းတည်း ပူးပေါင်းလုပ်ဆောင်နိုင်ရန် လိုအပ်သည်။

နောက်တစ်ချက်မှာ Mobile Rapid Deploy Systems အလျင်အမြန် တပ်ဖြန့်အသုံးပြုနိုင်သော တန်ပြန်စနစ်များဖြစ်သည်။ ယာဉ်တင် လျင်မြန်စွာဖြန့်ကြက်သုံးနိုင်သော တန်ပြန် UAS စနစ်များသည် အမိန့်ပေးထိန်းချုပ်မှုစနစ်ထံမှ တစ်သားတည်းကျသော အမိန့်စီးဆင်းမှုနှင့်အတူ သက်ဆိုင်ရာနေရာများသို့ လျင်မြန်စွာ တန်ပြန်လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ ထို့ပြင် ယာဉ်တင်တန်ပြန်စနစ်များကို (လူတစ်ကိုယ်သယ် လက်ကိုင်စနစ်များ)ကို လျင်မြန်စွာ နေရာရွှေ့ပြောင်းနိုင်မှုစွမ်းရည်သည် အရေးကြီးသော နေရာများကို အနီးကပ်စောင့်ကြည့်ရန် အချိန်မရွေးဖြစ်နိုင်စေမည်။ ထို့ပြင် အော်ပရေတာများအတွက် ရန်သူတန်ပြန်လုပ်ဆောင်ခံရနိုင်မှုများပါ လျော့ပါးသက်သာစေမည်ဖြစ်သည်။

**နိဂုံး**

ခေတ်မီတန်ပြန်ဒရုန်းဖြေရှင်းချက်များ၏ ခြုံငုံသုံးသပ်ချက်သည် ယနေ့ခေတ် ပတ်ဝန်းကျင်ရှိ အဖွဲ့အစည်းများအားလုံးအတွက် တန်ပြန်ဖြေရှင်းချက်များကို အကြမ်းဖျင်း နားလည်သဘောပေါက်စေရန် ရည်ရွယ်ခြင်းမျှသာဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဤတန်ပြန်ဒရုန်း တိုက်ဖျက်ရေးနယ်ပယ်အတွက် အရေးကြီးသော အခြားအကြောင်းအရာများစွာလည်း ရှိနေနိုင်သေးသည်။

**Counter-Drone: The Comprehensive Guide to Counter-UAS/C-UAS/CUAS ကို ဘာသာပြန်ဆိုထားပါသည်။**

# မြန်မာနိုင်ငံစာရေးဆရာအသင်း မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံ စာရေးဆရာအသင်း ၁၃၇၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်ဆရာကြီး၊ဆရာမကြီးများ၊ မြို့နယ်စာရေးဆရာအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ နှင့်ငွေကျပ် ၁၀၃ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်များကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က လက်ခံရယူသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် ၂၅ သိန်းကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် သိန်း ၁၅၀ နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းသည့် ငွေကျပ် ၂၇၈၀၀၀၀ ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများကလည်းကောင်း၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်မှ လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို ဗဟိုအတွင်းရေးမှူး ဦးပိုက်ထွေးကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ် သုံးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်မောင်စိုး မိသားစုလှူဒါန်းသည့် ငွေကျပ် သုံးသိန်းတို့ကို ဦးခင်မောင်စိုးကလည်းကောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်ဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် နှစ်စဉ်စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ကျင်းပလာခဲ့သည်မှာ (၃၆)ကြိမ်ရှိပြီဖြစ်ကြောင်း၊ နတ်တော်လဆန်း ၁ ရက်ကို နှစ်စဉ် စာဆိုတော်နေ့အဖြစ်သတ်မှတ်ပြီး အခမ်းအနားများ ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေပညာရှင်ကြီးများကို အလေးထားပါကြောင်း၊နိုင်ငံတော်ကလည်း စာပေလောကသားများ၊ စာပေပညာရှင် စာရေးဆရာကြီး၊ဆရာမကြီးများကိုတတ်စွမ်းသရွေ့ ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိပါကြောင်း။

လက်ရှိနိုင်ငံတော်တွင် ဖြစ်ပျက်နေသည့် သတင်းတု၊ သတင်းမှားများကြောင့် တိုင်းရင်းသားပြည်သူများ ဒုက္ခရောက်စေမည့်ဘေးမှ ကင်းဝေးနိုင်စေရေး စာပေပညာရှင် စာရေးဆရာကြီးများက မိမိတို့နားလည်တတ်ကျွမ်းထားသည့် စာပေကလောင်စွမ်းအားဖြင့် သတင်းအမှန်များကို ဖော်ထုတ်ရေးသားပေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က အလှူရှင်စာရင်းကို ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများကို ကန်တော့ချိုးဖြင့်ကန်တော့ကြပြီး ကန်တော့ပစ္စည်းနှင့် ကန်တော့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများကိုယ်စား အမျိုးသားစာပေတစ်သက်တာဆုရဆရာကြီး ဒေါက်တာထွန်းတင့်(မြန်မာစာ)က ဩဝါဒစကား ပြောကြားသည်။

မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည့် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုချီးမြှင့်ပွဲတွင် ပါဝင်ဆောင်ရွက်ကြမည့် ရွှေကြိုမောင်မယ်များ ရွေးချယ်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး နှုတ်ခွန်းဆက်စကားပြောကြားသည်။

၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုချီးမြှင့်ပွဲအတွက် ရွှေကြိုမောင်မယ်များရွေးချယ်နိုင်ရန် ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက်ထိ လျှောက်လွှာများခေါ်ယူခဲ့ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီသူ ၂၅၃ ဦးလျှောက်ထားခဲ့သည်။ အဆိုပါလျှောက်ထားသူများကို ဒီဇင်ဘာ ၁၇ ရက်မှစတင်၍စိစစ်ရွေးချယ်ခဲ့ရာ ပဏာမအဆင့် ၉၇ ဦးရွေးချယ်ခဲ့ပြီး ဒုတိယအဆင့် ဆက်လက်စိစစ်ရွေးချယ်နေကြောင်း သိရသည်။

ရွှေကြိုမောင်မယ် ရွေးချယ်ပွဲကို အကယ်ဒမီဝါရင့် သရုပ်ဆောင်များဖြင့် စုဖွဲ့ထားသော ဒိုင်များက အသံပီသမှု၊ လမ်းလျှောက်မှုဟန်ပန်၊သရုပ်ဖော်ပြသခြင်းနှင့် ကျွမ်းကျင်ရာပြသမှုတို့ကို အမှတ်ပေးကြပြီးရွေးချယ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**စာမျက်နှာ ၁၇ မှအဆက်**

ဘာသာသာသနာများကိုလည်း တတ်နိုင်သမျှကူညီစောင့်ရှောက်မည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အများဆုံးကိုးကွယ်မှုရှိနေသည့် ဗုဒ္ဓဘာသာနှင့်အတူ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြားသော ဘာသာဝင်များသည် ရှေးနှစ်ပေါင်းပဝေသဏီကတည်းက အတူတကွနေထိုင်ခဲ့ကြပါကြောင်း၊ မည်သည့်ဘာသာကိုမျှ ထိခိုက်နစ်နာစေခြင်း၊ ခွဲခြားဆက်ဆံခြင်းမရှိဘဲ လူမျိုးမရွေး၊ ဘာသာမရွေး အပြန်အလှန်လေးလေးစားစား၊ ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးဖြင့် နိုင်ငံတော်၏ကောင်းကျိုးများကိုညီအစ်ကိုမောင်နှမရင်းစိတ်ထားဖြင့် တည်ဆောက်ခဲ့ကြပါကြောင်း၊ ဆက်လက်ပြီး တည်ဆောက်ကြရန်လိုအပ်သကဲ့သို့ ဘာသာရေးကို အလွဲသုံးစားပြုပြီး မိမိတို့နိုင်ငံသားများအချင်းချင်းအကြားတွင် စည်းလုံးညီညွတ်မှုပျက်ပြားစေရန်၊ လေးစားယုံကြည်မှုလျော့ပါးပြီးမသင့်မြတ်အောင် လုပ်ဆောင်နေမှုများကိုလည်း အစဉ်သတိပြုကာကွယ်ကြရန် လိုအပ်ပါကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုပါကြောင်း၊ **ဘာသာတရားတိုင်းသည် ငြိမ်းချမ်းမှုကိုအခြေပြုထားခြင်းဖြစ်သည့်အတွက် လူ့အဖွဲ့အစည်းတိုင်းတွင်လည်း ငြိမ်းချမ်းမှုလိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးတံခါးများအမြဲဖွင့်လှစ်ထားသကဲ့သို့တပ်မတော်အနေဖြင့်လည်းငြိမ်းချမ်းရေးအတွက် အမြဲအသင့်ရှိနေပြီး ထာဝစဉ်ဖိတ်ခေါ်ကြိုဆိုလျက်ရှိ**ပါကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအရ နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်သည့်အစိုးရတိုင်းသည်ငြိမ်းချမ်းရေးအတွက် အလေးအနက်ထားအစဉ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း။

မိမိတို့ အစိုးရလက်ထက်တွင်လည်း ငြိမ်းချမ်းရေးအတွက် လုပ်ငန်းစဉ်များချမှတ်ပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကြွရောက်လာကြသည့် ခရစ်ယာန်ဘာသာဝင်ဆရာတော်ကြီးများနှင့် ခရစ်ယာန်ဘာသာဝင်များအနေဖြင့်လည်း မိမိတို့နေထိုင်ရာဒေသ၊မိမိတို့နေထိုင်ရာနိုင်ငံတော် ထာဝရငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် မိမိတို့တတ်နိုင်သည့်ဘက်မှ တတ်နိုင်သမျှနည်းလမ်းများဖြင့် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံတွင် ချမှတ်ထားသည့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံပေါများရေးတို့ဖြစ်ပါကြောင်း၊ **ဘာသာ သာသနာ၏ အဓိကအဆုံးအမမှာ "သာယာဝပြောခြင်း" ဖြစ်သည့်အတွက် ငြိမ်းချမ်းခြင်းနှင့်အတူ တိုင်းပြည်သာယာဝပြောရေးအတွက် မိမိတို့အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ထပ်မံတိုက်တွန်းလို**ပါကြောင်း၊ ဘာသာတရားအဆုံးအမများနှင့်အညီ စည်းကမ်းတကျနေထိုင်လုပ်ကိုင်ခြင်းသည် သာယာဝပြောမှုကိုရစေမည်ဖြစ်ပါကြောင်း၊ စားရေရိက္ခာဖူလုံပေါများခြင်းသည်လည်း တိုင်းပြည်သာယာဝပြောခြင်းကို တိုက်ရိုက်အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းဘာသာပေါင်းစုံ၊ ပြည်သူအားလုံး ဘာသာတရားနှင့်အညီ ကိုယ်စီထိန်းသိမ်းကြိုးစားလုပ်ဆောင်သွားကြရန်လိုပါကြောင်း။

**၂၀၂၃ ခုနှစ်အတွက် ကျင်းပသည့် ခရစ္စမတ် နေ့ထူးနေ့မြတ် အခါသမယမှ၍ မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသည့် တည်ငြိမ်အေးချမ်းရေး၊လုံခြုံရေး၊ငြိမ်းချမ်းရေးတို့အမြန်ရောက်ရှိနိုင်ရေးနှင့် ဘာသာတရားအားလုံးငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ရေးဟူသည့် ကောင်းမြတ်သောအခွင့်အရေးများကို မိမိတို့နိုင်ငံသားများအားလုံးရရှိနိုင်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလို**ပါကြောင်း။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်ကာလသည် ခရစ်တော်မွေးဖွားသည့် ညအခါသမယတွင် ကောင်းကင်တမန်များက သီးထိန်းနေသည့် သိုးထိန်းများကို ကိုယ်ထင်ရှားပြပြီး **"ရှင်လုကာအခန်းကြီး ၂ အခန်းငယ် ၁၄"** မှ "Peace on Earth and Good will toward men" **"မြေကြီးပေါ်တွင်လည်း ငြိမ်သက်ခြင်းရှိစေသတည်း၊ လူတို့အား မေတ္တာကရုဏာရှိစေသတည်း"** ဟု ပြောကြားသည်ကိုဖော်ပြထားပါကြောင်း။

ဘာသာရေးသည် လူသားများအတွက် စိတ်ဝိညာဉ်ဆိုင်ရာ ယုံကြည်မှု၊ ခိုလှုံမှုဖြစ်သကဲ့သို့ ကြီးမားသည့်အင်အားလည်းဖြစ်ပါကြောင်း၊ လူသားများကောင်းကျိုးအတွက် လိုအပ်နေသည့် ငြိမ်းချမ်းရေး၊ သာယာဝပြောရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ရာတွင် ဘာသာရေးအပိုင်းမှ ပါဝင်ဆောင်ရွက်ခြင်းသည်လည်း အကျိုးကျေးဇူးကြီးမားနိုင်သည်ဟု ယုံကြည်ပါကြောင်း။

ယနေ့အစီအစဉ်ကို ဦးဆောင်ကျင်းပသည့် ခရစ်ယာန်ဘာသာဝင်ဆရာတော်ကြီးများနှင့်ဆရာတော်များ၊ပြည်ထောင်စုအဆင့်ဌာနဆိုင်ရာလူကြီးမင်းများ၊ တပ်မတော်အရာရှိကြီးများ၊ အထူးဧည့်သည်တော်များနှင့်နိုင်ငံသူနိုင်ငံသားများအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မေတ္တာတရားပွားများနိုင်ကြပါစေ၊ ပျော်ရွှင်ခြင်း၊ ရွှင်လန်းခြင်း၊ငြိမ်သက်ခြင်း၊ငြိမ်းချမ်းခြင်း၊ဝမ်းမြောက်ခြင်းနဲ့အတူ ခရစ္စမတ်၏ကောင်းခြင်းမင်္ဂလာအဖြာဖြာခံစားနိုင်ကြပါစေဟုဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆရာတော် ရှာမိုအေးလက အထူးဆုမွန်ကောင်းတောင်းစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ခရစ်ယာန်ဘာသာဝင် ဆရာတော်ကြီးများနှင့် ဆရာတော်များ၊သီလရှင်များ၊ကက်သလစ်လူငယ်အဖွဲ့များ၊ခရစ်ယာန်ဘာသာဝင် ရပ်မိရပ်ဖများနှင့်အတူ **"တိတ်ဆိတ်ညသန့်ရှင်းညကျူး"** ခမ္မာသီချင်းကို စုပေါင်းသံပြိုင်သီဆိုချီးမွမ်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ထံ ဘုန်းတော်ကြီးစိုးလင်းအောင်နှင့် သီလရှင် နော်ဂျူဒစ်တို့က ခရစ္စမတ်အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်သစ်သီးခြင်းနှင့် အလှူငွေများပြန်လည်ပေးအပ်သည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရစ်ယာန်ဘာသာဝင် ဆရာတော်ကြီးများနှင့်ဆရာတော်များ၊ကက်သလစ်လူငယ်အဖွဲ့များနှင့်ခရစ်ယာန်ဘာသာဝင် ရပ်မိရပ်ဖများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြပြီး ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအထိမ်းအမှတ် မိတ်သဟာယနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။

☆ **ကျောဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်က တပ်တော်ဝင်စစ်ရေယာဉ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံ စစ်ရေယာဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများကိုလည်းကောင်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှူးက မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ တပ်မတော်(ရေ)က လွှဲပြောင်းပေးအပ်သည့် စစ်ရေယာဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများကိုလည်းကောင်း အသီးသီးလွှဲပြောင်းပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့်အခမ်းအနားသည် တပ်မတော်(ရေ)၏ (၇၆)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အခမ်းအနားဖြစ်သကဲ့သို့ တပ်မတော်(ရေ)အတွက် ၃၃ မီတာ ကမ်းခြေစောင့်တိုက်ရေယာဉ်နှစ်စီး၊ ပြည်ပမှနည်းပညာလွှဲပြောင်းခဲ့ပြီး တပ်မတော်(ရေ)က ကိုယ်တိုင်တည်ဆောက်ခဲ့သည့် သတ္တမမြောက်နှင့် အဋ္ဌမမြောက် ၂၇ မီတာ Super Dvora အမြန်သွားကင်းလှည့်ရေယာဉ် နှစ်စီး၊ မြစ်တွင်းသွားကင်းလှည့်ရေယာဉ်တစ်စီးတို့ တပ်တော်ဝင်အခမ်းအနားဖြစ်သည့်အပြင် ကမ်းခြေစောင့်တပ်ဖွဲ့ကို ကမ်းလွန်ကင်းလှည့်ရေယာဉ်တစ်စီး၊ ကမ်းခြေစောင့်တိုက်ရေယာဉ် နှစ်စီး လွှဲပြောင်းပေးသည့် အခမ်းအနားဖြစ်သည့်အတွက် တပ်မတော်(ရေ)နှင့်ကမ်းခြေစောင့်တပ်ဖွဲ့တို့အတွက် ထူးခြားလေးနက်သည့် စွမ်းအားတစ်ရပ်ကို ထပ်မံဖြည့်ဆည်းပေးနိုင်သည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း။

တပ်မတော်(ရေ)ကို တည်ဆောက်ရာတွင် အဆင့်လိုက်မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားဇုန်ကို အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ပြင်တွင် ရေရှည်ရပ်တည်နိုင်စွမ်းရှိပြီး တိုက်စွမ်းအားပြည့်ဝသည့် စစ်ရေယာဉ်ကြီးများရှိမှသာ အကောင်အထည်ဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်ရည်မှန်းချက်ကိုပြည့်မီရန် ဒေသတွင်းအင်အားဖြန့်ကြက်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်ကြီးများကို ဆက်လက်တည်ဆောက်သွားရာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တတိယအဆင့် ရေရှည်မျှော်မှန်းချက်အနေဖြင့် မိမိအကျိုးစီးပွားများ ဆက်စပ်တည်ရှိရာ ရေပြာသို့ အင်အားပို့လွှတ်နိုင်သည့် ရေတပ် (Blue Water Navy Ambition) အဖြစ် မျှော်မှန်းတည်ဆောက်သွားမည်ပင်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)၏ ရည်မှန်းချက်အဆင့်တိုင်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုက်စွမ်းရည်မြင့်မားသည့် စစ်ရေယာဉ်များလိုအပ်သလို အဆိုပါစစ်ရေယာဉ်များကို



တပ်တော်ဝင်ရေယာဉ်များ တည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိစစ်သည်များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကပေးအပ်သော ဂုဏ်ပြုချီးမြှင့်ငွေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပေးအပ်စဉ်။

ကိုင်တွယ်မောင်းနှင်နိုင်မည့် တိုက်စွမ်းရည်ပြည့်ဝသော ရေတပ်စစ်သည်တော်များဖြစ်စေရေး အမြဲတမ်းလေ့ကျင့်နေရန်လိုအပ်မည်ဖြစ်ကြောင်း။



ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံ စစ်ရေယာဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်စဉ်။



ဧရာဝတီရေတပ်စခန်းဌာနချုပ်မှူးက မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ တပ်မတော်(ရေ)မှ လွှဲပြောင်းပေးအပ်သည့် စစ်ရေယာဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်စဉ်။

ရေတပ် (Three Dimensional Combat Ready Navy)အဖြစ် ခြေလှမ်းသစ်တစ်ရပ်ကို တက်လှမ်းနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ အင်အားဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ် (Adjacent Force Projection Navy/Regional Navy) အဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ အင်အားဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ် (Adjacent Force Projection Navy/ Regional Navy)ဖြစ်ရန် ပင်လယ်

တပ်မတော်(ရေ)အနေဖြင့် ရေယာဉ်တည်ဆောက်မှုအတွေ့အကြုံ များပြားလာသည်အမျှ အရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ကြောင်း၊ စွမ်းရည်ထက်မြက်သည့် တိုက်ပွဲဝင်စစ်ရေယာဉ်များဖြစ်စေရေးအတွက် စစ်ရေယာဉ်တစ်စီးချင်းစီ၏ စွမ်းဆောင်နိုင်မှုများ တိုးတက်ကောင်းမွန်လာစေရေး ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပြီး **စာမျက်နှာ ၂၀ သို့**






တပ်တော်ဝင်စစ်ရေယာဉ်များကို တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်တော်ဝင်စစ်ရေယာဉ်များကို လှည့်လည်ကြည့်ရှုစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

ထိုသို့စစ်ရေယာဉ် တည်ဆောက်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်အားလုံးကိုလည်း ချီးကျူးမှတ်တမ်း တင်ဂုဏ်ပြုပါကြောင်း။

ခေတ်မီစွမ်းအားကြီးမားပြီး အသွားထက်သည့် စစ်ရေယာဉ်ကြီးများကို ဆက်လက်အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် ယခုရရှိခဲ့သည့်အတွေ့အကြုံနှင့် ကျွမ်းကျင်သည့် တည်ဆောက်ရေးစွမ်းရည်များကို ဆက်လက်အသုံးချပြီး အနာဂတ်တွင် ဖြစ်ပေါ်လာမည့် လွန်းကျင်းကြီးများနှင့် ရေယာဉ်တည်ဆောက်နိုင်မှု စွမ်းရည်တွေ ပေါင်းစပ် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ စွမ်းအားကြီးမားသည့် စစ်ရေယာဉ်ကြီးများအပြင် အရပ်ဘက်ကုန်တင်ရေယာဉ်ကြီးများနှင့် ဆီတင်ရေယာဉ်ကြီးများကိုလည်း တည်ဆောက်ပေးနိုင်ခြင်းဖြင့် ရေတပ်စွမ်းအား (Naval Power) ရရှိရန် တစ်ခုတည်းသာမကဘဲ နိုင်ငံ၏ရေကြောင်းစွမ်းအား(National Maritime Power)ကိုပါ တိုးတက်မြှင့်တင်နိုင်မည်ပင်ဖြစ်ကြောင်း။

ယခုနှစ် မေ ၁၄ ရက်တွင် ရခိုင်ပြည်နယ်အတွင်း အလွန့်အလွန်အားကောင်းသည့် မိုခါမုန်တိုင်း စစ်တွေမှတစ်ဆင့် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ဖြတ်ကျော်ပြီးနောက် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် စားသောက်ကုန်ပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ချက်ချင်းပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ မုန်တိုင်းပြီးဆုံးပြီးနောက် ပြန်လည်ထူထောင်ရေး ကာလတွင်လည်း ရန်ကုန်-စစ်တွေနှင့် ရခိုင်ပြည်နယ်အတွင်းသို့ စုစုပေါင်းကုန်ပစ္စည်းတန် ၉၀၀၀ ကျော်ကို စစ်ရေယာဉ် ၄၉ စီးဖြင့် ပို့ဆောင်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းသည် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ဒေသပြန်လည်ထူထောင်ရေးကာလများတွင် နိုင်ငံ့ဘဏ္ဍာငွေအများစုကိုအသုံးပြုပြီး **"ဘယ်သူ့တရားဖျက်ဖျက် ကိုယ်မဖျက်နဲ့"** ဆိုသည့် စိတ်ကောင်းစေတနာဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယခုဆိုလျှင် ၉၉ ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့သောအချိန်တွင် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်သမားများက တစ်ကျော့ပြန်၍ အဖျက်အမှောင့်လုပ်ငန်းများကို ပြန်လည်လုပ်ဆောင်နေသဖြင့် ရခိုင်ပြည်သူတို့၏ ဘဝအိုးအိမ်စည်းစိမ်နှင့် တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးမှုများဖြစ်ပေါ်ခဲ့ရကြောင်း။

လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေတွင်လည်း တပ်မတော်(ရေ)က အရာရှိ၊ စစ်သည်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် မထိခိုက်စေရေးတို့အတွက် တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)တို့နှင့်အတူ သောင်းကျန်းသူအမြစ်ဖြတ်ချေမှုန်းရေးကို ဆောင်ရွက်နေကြသည်ကို ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားလိုပါကြောင်း။

ပင်လယ်ပြင်သည် နိုင်ငံတော်၏ အနာဂတ်အကျိုးစီးပွားကို ပုံဖော်နေသည့်အတွက် ပင်လယ်ပြင်ကိုကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်(ရေ)၏အဓိကတာဝန်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် မြန်မာ့ပင်လယ်ပြင်ရေကြောင်းလုံခြုံရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် တပ်မတော်(ရေ)သည် ယခုအခါ (၇၆) နှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ သမိုင်းကြောင်းတစ်လျှောက် တပ်မတော်(ရေ)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်(ရေ)၏ ပဲ့ကိုင်ရှင်များ၊ လက်တွဲဆောင်ရွက်ခဲ့ကြသော စစ်သည်တော်များ၏ ကြိုးပမ်းတည်ဆောက်ခဲ့မှု အစဉ်အလာကောင်းများကြောင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် ပြည်သူက အားကိုးရသော စွမ်းအားနှင့်စွမ်းရည်ပြည့်ဝသည့် ရေတပ်တစ်ခုအဖြစ်သို့ တက်လှမ်းနေပြီဖြစ်ကြောင်း။

ယနေ့အခါသမယတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များအနေဖြင့် ရှိရင်းစွဲသမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာ (၇၆)နှစ်မြောက် တပ်မတော်(ရေ)နေ့မှာ ပါဝင်ထမ်းဆောင်ခွင့်ရရှိသူများအဖြစ် ဂုဏ်ယူဝံ့ကြွားစွာဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းထမ်းဆောင်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တပ်တော်ဝင်ရေယာဉ်များ တည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်သော ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

၎င်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ)က တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ်ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ)အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်းရှစ်ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်စစ်ရေယာဉ်များဖြစ်သော ၃၃ မီတာကမ်းခြေစောင့် **စာမျက်နှာ ၂၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်တော်ဝင်စစ်ရေယာဉ်များကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်တော်ဝင်စစ်ရေယာဉ်များကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

တိုက်ရေယာဉ် နှစ်စီး၊ ၂၇ မီတာ အမြန်သွားကင်းလှည့်ရေယာဉ်နှစ်စီးနှင့် မြစ်တွင်းသွားကင်းလှည့်ရေယာဉ်တစ်စီး၊ နိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ် တပ်တော်ဝင်သောရေယာဉ်များ မြန်မာကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် သန်လျင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး၊ တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် လက်မှုအနုပညာပြခန်းသို့ သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်သည် ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်သည် အဖွဲ့ဝင်များနှင့်အတူ သန်လျင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ သားဖွားဆောင်နှင့် ကလေးကုသဆောင်တွင် တက်ရောက်ကုသလျက်ရှိသော မိသားစုဝင်များကို တစ်ဦးချင်း ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီးနှင့် အဖွဲ့ဝင်များသည် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ (၇၆)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် လက်မှုအနုပညာပြခန်းသို့ သွားရောက်ကြည့်ရှုပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် တပ်မတော်(ရေ) မိသားစုဝင်များ ဖန်တီးပြုလုပ်ထားသော အိမ်တွင်းမှုလက်မှုအနုပညာပစ္စည်းပြခန်းများ၊ ပိတ်ပန်းချီကားများ၊ တပ်မတော်(ရေ) မိသားစုဝင်များ ဒီဇိုင်းရေးဆွဲ ပုံဖော်ချုပ်လုပ်ထားသည့် ဝတ်စုံများဝတ်ဆင်၍ သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ ရန်ပုံငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် သန်လျင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ သားဖွားဆောင်နှင့် ကလေးကုသဆောင်တွင် တက်ရောက်ကုသလျက်ရှိသော မိသားစုဝင်များ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် (၇၆)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် လက်မှုအနုပညာပြခန်းတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ရေ) မိသားစုဝင်များ ဖန်တီးပြုလုပ်ထားသော အိမ်တွင်းမှုလက်မှုအနုပညာပစ္စည်းပြခန်းများနှင့် ပိတ်ပန်းချီကားများအား ကြည့်ရှုအားပေးစဉ်။

# (၇၆)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပပြုလုပ်


ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၄**

(၇၆)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ နယ်မြေခံရေတပ်စခန်းဌာနချုပ်ရှိ မာရာရိဇယရန်မျိုးအောင်ဓမ္မာရုံ၌ကျင်းပပြုလုပ်ရာ အလယ်တောရပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ အမှူးပြုသော သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အခမ်းအနားတက်ရောက်လာကြသူများက အလယ်တောရ ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များနာယူကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် အလယ်တောရပဓာနနာယက ဆရာတော်ထံမှအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် (၇၆)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တပ်မတော်(ရေ)မှအရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ အား ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် တပ်မတော်(ရေ)မိသားစုများကလည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများ အသုံးပြုရန်အတွက် ဆေးပဒေသာပင် ငွေကျပ်သိန်း ၅၀၊ကင်ဆာဌာနတွင် ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများ အသုံးပြုရန်အတွက် ငွေကျပ် ၁၀ သိန်းနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပပြုလုပ်ကြသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်ရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နယ်မြေခံစစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက်စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ်အားကစားကွင်း၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးအနီးနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်းနှင့် တပ်နယ်စစ်ရေးပြကွင်းများ၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြရာ တိုင်းမှူးများ၊ဒုတိယတိုင်းမှူးများ၊တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး၊ဌာနများ၏ ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး၊ ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်)စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။


အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်)စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

# မလျှော့သောငွဲ့ အောင်ပန်းပွင့်ဝေ

ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)



(၁)

"အမေ သူ့ကို ကျောင်းထားပေးမှာလား။ သူနဲ့ ကျောင်းအတူတူ မသွားချင်ဘူးနော်"

"ဟဲ့ ထားစရာလား။ နင့်အဖေခေါ်လာကတည်းက ခိုင်းဖို့ပဲ။ မပြောလိုက်ချင်ဘူး။ ကိုယ့်မိသားစုတောင် နပ်မှန်အောင် စားနေရတာကို ဘယ်က ကလေကဝကို ခေါ်လာမှန်းမသိဘူး"

"ဟုတ်ပ အမေရယ်။ စုတ်ပြတ်နေတာပဲ"

"အေး ငါကလဲ နင့်အဖေကို မလွန်ဆန်နိုင်လို့ လက်ခံလိုက်ရတာလေ။ နည်းနည်းမှသဘောမတွေ့ဘူး"

"အဖေက မမိုက်တာပါ။ အိမ်မှာလူတစ်ယောက် တိုးလာရင် အကုန်အကျ ပိုများလာမှာလေ"

"အေး အဲဒါပြောတာပေါ့။ သူ့ကုန်စိမ်း လိုက်ရောင်းရတဲ့ဝင်ငွေက အင်မတန်များတာဆိုတော့ အိမ်ပေါ်တောင် ခေါ်တင်လာရတာလေ။ ညည်းအဖေ သူငယ်ချင်းသားလို့ ပြောတာပဲ။ ဒီနှစ် ခုနစ်တန်းတက်မှာတဲ့။ ညည်းနဲ့အတူတူပေါ့"

"အမယ်လေး အမေရယ် မနိုင်းစမ်းပါနဲ့။ ကျောင်းအတူတူမတက်နိုင်ဘူးနော်။ ဒါပဲ"

"အဲဒါ ညည်းအဖေ သူတော်ကောင်းကြီးကိုပြော။ ငါ့လာမပြောနဲ့။ တကတဲတော် အံ့ဩလွန်းလို့။ ကိုယ့်မှာတောင် သားသမီးနှစ်ယောက်နဲ့ လုံးချာလိုက်နေတာကို လူပိုကခေါ်လာသေးတယ်။ စိတ်ပျက်စရာကောင်းလိုက်တာနော်"

အိပ်ခန်းကျဉ်းလေးထဲမှနေ၍ အပြင်က စကားသံများကြောင့် မင်းသူတစ်ယောက်မျက်ရည်များကျလာသည်။ သူ့ကိုခေါ်လာသည့် ဦးလေးမောင်က ဈေးရောင်းသွားပြီမို့ သူ ကျန်ခဲ့ရသည်။ ဦးလေးမောင်၏ မိန်းမနှင့်သမီးဖြစ်သူကတော့ မင်းသူ သည်အိမ်ရောက်လာတာကို မနှစ်မြို့ပေ။ မလိုလားမှန်းသိသာနေတော့ မင်းသူ အိမ်အပြင်ထွက်ရမည်တောင်ကြောက်နေမိသည်။ ကြိတ်မှိတ်ကာနေရပေမည်။ သူ့မှာ အားကိုးမှီခိုစရာဘယ်သူမှမရှိပေ။ ဦးလေးမောင်တစ်ယောက်သာ သူ့ဘဝအတွက် ကယ်တင်ရှင်မဟုတ်ပါလား။

"ဟဲ့ အခန်းထဲကအကောင် အိမ်တွင်းပုန်းနေလို့ ရမလားဟဲ့"

အော်သံကြောင့် အခန်းလေးထဲမှ သူ ပြေးထွက်လာရသည်။

"လုပ်စရာရှိတာလာလုပ်။ လမ်းထိပ်ကို အမှိုက်သွားပစ်။ ပြီးရင် အိမ်ရှေ့ကို သန့်ရှင်းရေးလုပ်ရမယ်။ ပြီးရင် ရေဆွဲထည့် ကြားလား"

"ဟုတ်ကဲ့ ဒေါ်လေး"

သူ ဘာမျှပြန်မပြောရဲဘဲ အပြစ်လွတ်အောင် အမှိုက်ထုပ်ဆွဲပြီး လမ်းထိပ်သို့ ပြေးထွက်လာခဲ့သည်။

(၂)

မင်းသူတွင် အဖေမရှိပေ။ သူ သုံးနှစ်သားလေး ကတည်းက ဆုံးသွားတာဖြစ်သည်။ အမေက မုဆိုးမဘဝဖြင့် မုန့်ဟင်းခါးရောင်းကာ သူ့ကိုကျွေးမွေးပြုစုခဲ့သည်။ အမေကိုယ်တိုင်လည်း ကျန်းမာရေးကောင်းသူမဟုတ်။ ဆီးချို၊ သွေးချိုသမားမို့ တရောင်ရောင်ပင်။ ဦးလေးမောင်က ဈေးလာရောင်းတိုင်း အမေ့ဆိုင်တွင် မုန့်ဟင်းခါးစားရင်း ရင်းနှီးသွားခဲ့သည်။ ဦးလေးမောင်က ဆိုင်ကယ်တစ်စီးနှင့် ရပ်ကွက်တကာလှည့်၍ ကုန်စိမ်း၊ ကုန်ခြောက်၊ ရာသီပေါ်သီးနှံ၊ အသား၊ ငါး ရောင်းချနေသူဖြစ်သည်။ အမေကလည်း လိုအပ်တာဝယ်ယူသည်။ မုန့်ဟင်းခါးဆိုင်အတွက် မုန့်ဖတ်၊ နံနံပင်၊ သံပရာသီး စသည်ဖြင့်လိုအပ်တာဝယ်ယူအားပေးသည်။ ဈေးကိုမသွားနိုင်၍ မှာယူရင်း ရင်းနှီးခဲ့ကြသည်။ ဦးလေးမောင်ကိုလည်း အစ်ကိုတစ်ယောက်လို ခင်မင်အားကိုးသည်။ မုန့်ဟင်းခါးစားလျှင်တောင် ပိုက်ဆံမယူတော့ပေ။ ဦးလေးမောင်တို့နှင့်က ရပ်ကွက်ခြားသည်မို့ ဦးလေးမောင်မိသားစုကို မမြင်ဖူးပေ။ သို့သော် သူတို့မိသားစုအကြောင်း သားအမိနှစ်ယောက် သိခွင့်ရခဲ့သည်။

"သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတယ် ညီမရေ။ သမီးကြီးက မင်းသူအရွယ်ပေါ့။ သားငယ်က အခုမှကျောင်းစတက်တဲ့အရွယ်ပါ။ အမျိုးသမီးကတော့ အိမ်ကိစ္စ၊ သားသမီးကိစ္စနဲ့မအားပါဘူးဟာ"

မင်းသူ လေးတန်းတက်ခါစကတည်းကရင်းနှီးခဲ့သည်မို့ သူကိုယ်တိုင်လည်း ကိုယ့်ဦးလေးတစ်ယောက်လို ချစ်ခင်ခဲ့သည်။ ယခုလို အမေဆုံးပါးသွားလေတော့ ဦးလေးမောင်ကပဲ သူ့ကို ခေါ်ယူစောင့်ရှောက်ခဲ့သည်။ သူ့အိမ်သားများမကြည်တော့ မင်းသူ နေရတာမပျော်ပေ။ အခြားသွားရန်လည်းမရှိလေတော့ သူ့အတွက် အားကိုးစရာက ဦးလေးမောင်တစ်ယောက်သာရှိခဲ့သည်။ ထို့ကြောင့် အရာရာသည်းခံရလိမ့်မည်ဟုတွေးထားပြီးသားဖြစ်သည်။

"ဘာမှမပူနဲ့သား။ မင်း ဒေါ်လေးက အပြောအဆိုဆိုးပေမဲ့ စိတ်ကောင်းရှိသူပါ။ ဦးလေးမောင် သားသမီးတွေ ဘာပြောပြော ဇွဲမယူပါနဲ့ကွာ နော်"

"ဟုတ်ကဲ့ပါ ဦးလေးမောင်ရယ်။ အခုလို သားကို အရိပ်ကလေးခိုခွင့်ပေးတာကို ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ် ငါ့တူရယ်။ ဘာမှအားမငယ်နဲ့ သူတို့ဘာပြောပြော စိတ်ထဲမထားနဲ့နော်။ သားရှေ့မှာ ဦးလေးမောင်ရှိတယ်"

"ဟုတ်ကဲ့ ဦးလေး"

ဦးလေးမောင်၏ အားပေးစကားလေးနှင့် သူ နေရန်ဆုံးဖြတ်ရသည်ပင်။ သူ့အရွယ်လေးနှင့် ကိုယ့်ဘဝကိုယ် ရပ်တည်ရန်ကလည်း ထင်သလောက် မလွယ်ပေ။

မင်းသူသည် မကျယ်လှသော အိမ်ရှေ့၊ အိမ်နောက် ပတ်ပတ်လည်ကို သန့်ရှင်းရေးလုပ်သည်။ အမှိုက်အမြန်ပစ်သည်။ ဘုံပိုင်မှ ရေကို အခေါက်ပေါင်းများစွာဆွဲထည့်ပြီးတော့ သူတော်တော်မောနေပြီ။ ရေများ ရွှဲနေသည်မို့ တစ်ခါတည်းရေချိုးလိုက်တော့သည်။ ဗိုက်ကဆာလည်း သွားမပြောရဲပေ။ အော်ငေါက်ခံရမည်ကိုလည်း ကြောက်မိသည်။

"ဟဲ့ ကောင်ကလေးရော့။ ထမင်းခူးထားတယ်။ ဒါနင့်ပန်းကန်နော်။ သေချာမှတ်ထား။ ထမင်းလိုရင် ယူလို့ရတယ်။ ဟင်းကတော့ တစ်ခါပဲရမယ်"

"ဟုတ်ကဲ့ ဒေါ်လေး"

ဒန်ပန်းကန်လုံးထဲတွင် ထမင်းအပြည့်ပင်။ အသားတုံးတစ်တုံးပါသည်။ ကန်စွန်းရွက်ကြော်၊ ငါးပိရည်ကျိုဆမ်းပေးထားသည်။ ဆာဆာနှင့်သူစားတာ ခဏလေးအတွင်း ထမင်းကုန်သွားတော့သည်။ ထမင်းထပ်လိုချင်သော်လည်း မတောင်းရဲပေ။ သည်လောက်နှင့်ပင် ကျေနပ်မိသည်။ ကြည်ကြည်သာသာကျွေးတာ ကျေးဇူးတင်မိသည်။ သူတို့စားသလို အသားပါ ပါ၍ ဦးလေးမောင်ပြောတာအမှန်ပင်။ အပြောဆိုးသော်လည်း စိတ်ကောင်းရှိသူ မဟုတ်ပါလား။

(၃)

"ဖြစ်ပါ့မလား ကိုမောင်ရယ်။ ရှင်စဉ်းစားနော်။ ကျောင်းသားသုံးယောက် တာဝန်ကြီးမို့ပါ။ ရှင် ပင်ပန်းမှာနော်"

"ဘယ်တတ်နိုင်မလဲကွာ။ သူ့အရွယ်ကလဲ အလုပ်လုပ်ဖို့ အဆင်မပြေသေးဘူးလေကွာ။ ကျောင်းနေရမဲ့ အရွယ်ကို"

"ခုရှပ်မှ နောင်ရှင်းတော် သူ့ဘဝတစ်သက်တာလုံးကတော့ အဆင်မပြေဘူးနော်။ သူ့လမ်းသူလျှောက်နိုင်ရင် သူ့ဘဝသူ ရပ်တည်ပါစေ။ ဒါတော့ ရှင်လက်ခံ။ အိမ်မှာနေရင်တော့ ကျွန်မသားသမီးတွေနဲ့တော့ တန်းတူနေလို့မရဘူး။ အိမ်အလုပ်ကတော့ လုပ်ရမှာပဲ"

"အေးပါကွာ။ အခုလဲ မင်းခိုင်းနေတာမဟုတ်လား။ ကောင်ကလေးက အလိုက်သိပါတယ်ကွာ"

"သိရမယ်လေ လူတစ်ယောက်တာဝန်ယူရတဲ့ စရိတ်က လွယ်သလားရှင့်"

"အေးပါကွာ"

ဦးလေးမောင်၏ ကောင်းမှုကြောင့် သူ ကျောင်းနေခွင့်ရခဲ့သည်။ အိမ်အလုပ်များလည်း မလစ်ဟင်းအောင်လုပ်ပေးရသည်။ ကျောင်းအားရက် ဦးလေးမောင်နှင့်လိုက်ပြီး ဈေးရောင်းတတ်အောင်သင်ခဲ့သည်။ ဦးလေးမောင်၏ သားသမီးများကိုလည်း ကိုယ့်မောင်နှမအရင်းလို သူအလိုလိုက်သည်းခံခဲ့သည်။ အရာရာအောက်ကျို့ပြီးနေခဲ့သည်။ သူတို့ဘာပြောပြော စိတ်မဆိုးခဲ့ပေ။ ဇွဲလည်းမယူခဲ့ပေ။ အရာရာခွင့်လွှတ်စိတ်နှင့် ကိုယ့်ဘဝတက်လမ်းကို ရှာခဲ့သည်။ နွေကျောင်းပိတ်ရက်ရောက်တော့ ဈေးရောင်းကာ ငွေရှာတတ်ခဲ့သည်။ လူကောင်သေးသေးလေးမို့ အခြားအလုပ်အတွက် အဆင်မပြေတော့ ရရာအလုပ်လုပ်ခဲ့သည်။

"မင်းကလဲ ရှစ်တန်းရောက်တော့မယ် အရပ်မထွက်ဘူးကွာ။ သေးလိုက်တာ"

ဦးလေးမောင် ပြောလည်းပြောစရာ။ အဖေနှင့်အမေက လူကောင်သေးသေးလေးမို့ မင်းသူလည်း မိဘအမွေရခဲ့သည်။

"အမယ်လေး ငယ်သေးလို့ပါတော် နောက်သုံးလေးနှစ်ကျ ထွားလာပါလိမ့်မယ်။ လူကောင်သာသေးတာ အစားကကြီးပတော်။ ထမင်းနှစ်ဇလုံ ခဏလေးတော့"

ဦးလေးမောင်မိန်းမစကားကြောင့် အားလုံး ရယ်မိကြသည်။ သိတတ်လိမ္မာပြီး အနေအေးသည့်သူ့ကို ဦးလေးမောင်မိန်းမပင် ကြည်ဖြူလေပြီ။ သားသမီးများကလည်း ယခင်လို မိုက်မိုက်ရိုင်းရိုင်းချိုးနှိမ်စကားများ မပြောတော့ပေ။ သို့သော် သူတို့အပျော်လေးတာရှည်မခံပေ။ သူ ကိုးတန်းဖြေပြီးသည့်နှစ်တွင် ဦးလေးမောင် ကားမတော်တဆဖြစ်ပြီး ခြေတစ်ဖက်ကျိုးသွားတော့သည်။ တစ်အိမ်လုံး၏ အဓိကငွေရှာသမား ယခုလိုဖြစ်ရလေတော့ အားလုံး ဒုက္ခရောက်ရလေပြီ။ ဘယ်သူမှမပြောသော်လည်း သူ ဆုံးဖြတ်ချက်ချခဲ့သည်။ ကျောင်းထွက်ကာ ဦးလေးမောင်နေရာကို သူ ဝင်ယူခဲ့သည်။ အသက်၁၇နှစ်အရွယ်။ လူကောင်ထွားလာပြီမို့ သူ့ကျေးဇူးရှင်မိသားစုအတွက် သူ ရုန်းကန်ရန်ဆုံးဖြတ်လိုက်သည်။ ဦးလေးမောင် တားသော်လည်း သူ့ဆန္ဒအတိုင်း အကောင်အထည်ဖော်ခဲ့တော့သည်။

(၄)

"ဦးလေးမောင်ရေ ဒီမှာဆေးဖိုး။ ဒါက ဒေါ်လေးအတွက်တစ်လစာဆေးဖိုးနော်။ လိုရင်ပြော ဒေါ်လေး။ ဒီမှာ ညီလေးနဲ့ညီမလေးအတွက် မုန့်ဝယ်လာတယ်။ ကျောင်းမုန့်ဖိုးကောနော်"

အားလုံးမျက်ရည်ကျရလေပြီ။ ဒုက္ခိတဦးလေးမောင်တစ်ယောက် မျက်ရည်အပြည့်နှင့် ဆုများပေးနေတော့သည်။ လပိုင်းသာငယ်သည့် သမီးလေးကလည်း ယခုဆို အစ်ကိုတစ်ယောက်လို ခင်မင်နေပြီ။ သားငယ်ကတော့ သူ့အစ်ကိုကြီးလို့ ပါးစပ်ဖျားကမချတော့ပေ။

"သားရယ် နားနားနေနေ နေပါအုံးကွယ်။ နေ့လယ် ဈေးရောင်း၊ ညပိုင်း ဆိုင်ကယ်ကယ်ရီဆွဲတယ်ဆိုတော့ ငါ့သားပင်ပန်းလို့ပါ။ အဒေါ်လဲ အိမ်ရှေ့မှာ အသုပ်ဆိုင်လေးဖွင့်မယ်ကွယ်။ အိမ်ဝင်ငွေရတာပေါ့။ သားတစ်ယောက်ထဲ ပင်ပန်းတာမကြည့်ရက်ဘူးကွယ်"

"နားနားနေနေ နေပါဗျာ။ ကျွန်တော် ငွေရှာနေတာ ကျွန်တော့ကျေးဇူးရှင်မိသားစုအတွက်ပါ။ နောက်ပြီး ကျွန်တော့ ရည်မှန်းချက်တွေလဲ ရှိသေးတယ်ဗျာ။ ဒီလိုဘဝကြီး အမြဲမနေချင်ဘူး။ ကျွန်တော် ကြီးပွားချမ်းသာတဲ့သူ ဖြစ်ချင်တယ်ဒေါ်လေးရာ"

"မင်း ကျန်းမာရေးထိခိုက်မှာစိုးလို့ပါကွာ။ မင်းလဲ ပင်ပန်းတယ်လေ"

"ကျွန်တော်လုပ်နိုင်ပါတယ် ဦးလေးမောင်ရာ။ ငွေရှာချင်တယ်ဆိုတာ ကျွန်တော်တို့ ဆွေမျိုးတွေက ကျွန်တော့်ကိုမျက်နှာမွဲမို့ မခေါ်မပြောကြဘူးဗျ။ နှိမ်ကြတယ်။ ဖိနှိပ်ကြတယ်။ ငွေမရှိတော့ ဆေးမကုနိုင်ဘူးလေ။ အဖေနဲ့အမေသေရတာ ဆေးမကုနိုင်လို့ဗျ။ ဘယ်အမျိုးကမှ အကူအညီမပေးကြဘူး။ ဦးလေးမောင်ခေါ်ခဲ့လို့ လမ်းဘေးမရောက်ခဲ့တာပါဗျာ"

စာမျက်နှာ ၂၅ သို့ ➤

# ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ဧက ၁၇၃၇၂၀ ရိတ်သိမ်းပြီးစီး



**ဒေးဒရဲ ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ဧက ၁၇၃၇၂၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါးဧက ၁၇၄၉၃၀ ကို ဇွန်လ ပထမပတ်က စတင်လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးများကို နိုဝင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၁၇၃၇၂၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းပြီးဖြစ်သည့် စပါး တစ်ဧကလျှင် ၆၈ ဒသမ ၀၂ တင်း ထွက်ရှိကြောင်း သိရသည်။

"အခု မိုးစပါးတွေကို ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ စပါးဧက ၁၇၃၇၂၀ ထိ ရိတ်သိမ်းပြီးပါပြီ။ ရိတ်သိမ်းဖို့ကျန်တဲ့ စပါးတွေကို ဆက်လက်ရိတ်သိမ်းနေပါတယ်။ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနက စပါးအခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့ စိုက်ပျိုးရေးညွှန်ကြားချက်တွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် ဓာတ်မြေဩဇာတွေ စနစ်တကျအသုံးပြုတတ်စေဖို့နဲ့ အစားထိုးဓာတ်မြေဩဇာတွေ လုပ်ဆောင် အသုံးပြုတတ်စေဖို့ နည်းပညာတွေကိုလဲ ပို့ချပေးခဲ့ပါတယ်။ ဒါကြောင့် မိုးစပါးကို လျာထားချက်ဧကအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက မိုးစပါး ၁၇၄၉၃၀ ကို ဧည့်မထ၊ ပေါ်ဆန်း၊ ဧရာမင်း၊ ပခမ်း၊ ရွှေသွယ်ရင်၊ GW11-GW-1စသည့် စပါးအမျိုးအစားများ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဆော့လော်မြို့နယ် ပကော့(ခ)ဖမော့ဇက်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဆော့လော် ဒီဇင်ဘာ ၂၄**

ကချင်ပြည်နယ် ချီဖွေခရိုင် ဆော့လော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပကော့(ခ)ဖမော့ဇက်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆော့လော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝါထွန်းနှင့် တာဝန်ရှိသူများက ပကော့(ခ)ဖမော့ဇက်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆော့လော်မြို့နယ် ပကော့(ခ)ဖမော့ဇက်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများဖြစ်သည့် အရှည်တစ်မိုင် စိမ့်စမ်းရေပိုက်လိုင်းသွယ်ခြင်း၊ အလျား ၁၂ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ငါးပေရှိ ရေစုကန်တည်ဆောက်ခြင်း၊ အလျား ၂၅ပေ၊ အနံ သုံးပေ၊ အမြင့် ငါးပေရှိ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ်၂၄ ဒသမ ၄ သန်းဖြင့် ဆော့လော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# မြန်မာစာပေ ထိန်းသိမ်းစို့လေ

\- စာပေသည် လူမျိုးအတွက်
အသက်တမျှ ကြီးမားပေ၊
ဘိုးဘွားတွေ လက်ဆင့်ကမ်း
စာပေကျမ်းတွေ၊
ပုဂံခေတ်က မွေးဖွားပေ
ရှင်သန်နေ ခေတ်မီလျက်၊
စကားပြေ ကဗျာ စာပေများ
ထွန်းကားရှေ့ဆက်။

\- စာပေသည် လူမျိုးအသက်မို့
ကြိုးစားခဲ့ ရှေ့မြန်မာ၊
ရေးစာဆို အဆိုအမိန့်များ
ကိုးကားလို့သာ၊
နည်းစနစ် အတုယူကာ
မြန်မာစာ တိုးတက်ရေး၊
တိုင်းရင်းဆွေ မောင်နှမ
လက်တွဲကြပေး။

\- ရှေ့ရေးကို မြော်ကာတွေးပါလို့
သွေးချင်းတို့ အဖော်၊
ဂန္ထဝင် စာပေများ
ရေးသားစို့နော်၊
အနာဂတ် ရည်ရွယ်မျှော်
တူပျော်ပျော် စာပေလမ်း၊
ကမ္ဘာမှာ
မြန်မာစာ မပျောက်ပျက်ရေး
ရှေးရှုကြိုးပမ်း ။ ။

**ချစ်သက်(မြန်မာစာ)**

# တောင်တွင်းကြီးမြို့နယ် ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်းသွင်းလေးကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကိုဒီဇင်ဘာ၂၃ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူး များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၀၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပန်းသွင်းလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ်သိန်း ၁၆၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၂၂၈ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို ငွေကျပ် ၄၀၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နှံ့ယဉ်**

➤ စာမျက်နှာ ၂၄ မှအဆက်

"ဟုး ငါ့တူရယ်"

သူ့ရင်ထဲက ခံစားချက်များကို သိခွင့်ရကြလို့ အားလုံး စိတ်မကောင်းဖြစ်ကြရသည်။ သူကတော့ ကျေးဇူးရှင်မိသားစုကို ကျေးဇူးဆပ်မည်။ ကိုယ့်ဘဝတိုးတက်လမ်းကိုရှာမည်ဆိုပြီး ကြိုးစားငွေစုနေသည်မဟုတ်ပါလား။ အဖေဆေးရုံတက်နေချိန် သုံးနှစ်သားအရွယ်သူ့ကိုပွေ့ပြီး ဆွေမျိုးတွေဆီအသနားခံကာ ငွေချေးငှားခဲ့သည့် အမေ့ပုံရိပ်ကို ယခုထိ မြင်ယောင်နေမိသည်။

"ညည်းတို့အေ ငွေလိုတိုင်း လာစရာလား။ မရှိဘူးဟေ့"

"ချေးငှားလဲ မယုံဘူးဟေ့။ ဘယ်ပိုက်ဆံနဲ့ ပြန်ဆပ်မှာလဲ။ အသေခံလိုက်။ နောက်လဲမလာနဲ့ဟေ့ ကျက်သရေယုတ်တယ်"

အမျိုးမျိုးချိုးနှိမ်စွာပြောခဲ့ကြလို့ အဖေမသိအောင် အမှောင်ထဲတွင် သားအမိနှစ်ယောက်ငိုခဲ့ရသည်။ ငွေမရှိ၍ အဖေ့အသက် ဆုံးရှုံးခဲ့သည်။ အမေအသည်းအသန်ဖြစ်တော့ မင်းသူ ယခင်လို အောက်ကျို့အသနားခံခဲ့သည်။ ဘယ်သူမှ ကူညီမည့်သူမရှိခဲ့ပေ။ ရောဂါဝေဒနာကို အကြီးအကျယ်ခံစားနေရသည့်အမေ့ကိုကြည့်ပြီး အမေမသိအောင် အမှောင်ထဲတွင် တိတ်တိတ်လေးငိုကြွေးခဲ့ရသည်။ မျက်နှာမွဲဘဝမို့ အမေ့ကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ငွေမရှိသည့်ဘဝကို သူ စိတ်နာသည်။ မိဘမဲ့တစ်ကောင်ကြွက် သူ့ဘဝကို ဘယ်ဆွေမျိုးကမှ မသနားခဲ့ပေ။ ဦးလေးမောင်တို့မိသားစုသာ သူ့ဘဝ၏ ကယ်တင်ရှင်များဖြစ်သည်။ အဖေ၊ အမေနာရေးကိုတောင် မလာကြသည့် အဖေ့ဘက်၊ အမေ့ဘက် အမျိုးများကို စိတ်နာမိတာ ရင်ထဲမှာအစိုင်အခဲကြီးဖြစ်နေပြီ။

(၅)

ရက်မှ လ၊ လမှ နှစ် အချိန်များပြောင်းလာခဲ့လေပြီ။ မင်းသူတောင် အသက်၃၀ ပြည့်ခဲ့ပြီ။ ဦးလေးမောင်သမီးလည်း ဘွဲ့ရပြီး ကုမ္ပဏီဝန်ထမ်းဖြစ်နေပြီ။ ရာထူးလည်း အတော်အတန်ရနေပြီဖြစ်သည်။ သားငယ်က အကောက်ခွန်ဦးစီးဌာနတွင် အလုပ်ဝင်နေပြီ။ သူ့ကျေးဇူးကြောင့်လို့ အမြဲတဖွဖွပြောသော်လည်း သူ့ပံ့ပိုးကူညီခွင့်ရလို့ ကျေနပ်မိသည်။

"မောင်မင်းသူရဲ့ ကျေးဇူးတွေ ဦးလေးမောင်တို့ ဆပ်မကုန်ပါဘူးကွာ"

"အမှန်ပါ ငါ့သားရယ်။ မင်းညီမနဲ့ညီလေး အခုလို လူတစ်လုံးသူတစ်လုံးဖြစ်အောင် လုပ်ပေးခဲ့တာ မင်းပါကွာ။ မင်းရဲ့ကျေးဇူးကို ဒေါ်လေး ဒီတစ်သက်မမေ့ပါဘူးကွယ်"

"မဟုတ်တာဗျာ။ ဦးလေးမောင်နဲ့ ဒေါ်လေးတို့အရိပ်ကို ခိုခဲ့ရလို့ ကျွန်တော် ဒီဘဝရောက်ခဲ့တာပါ။ ကျွန်တော်လုပ်ပေးခဲ့တာ ဘာမှမရှိပါဘူးဗျာ။ ညီလေးနဲ့ညီမလေးကလဲ ကြိုးစားကြလို့ပါ"

"စိတ်သဘောထားပြည့်ဝတဲ့ ငါ့တူကြီးပါကွာ"

"အမှန်ပဲတော်"

လူပျိုပေါက်အရွယ်ကတည်းက အရောင်းအဝယ်ကျွမ်းကျင်လာသည့် မင်းသူ၊ ဆိုင်ကယ်ကယ်ရီဆွဲလို့ အပိုဝင်ငွေရှာခဲ့သည့် မင်းသူ၊ ဆယ်တန်းမအောင်ခဲ့သော်လည်း ပွဲရုံကြီးတစ်ခုကို အောင်မြင်စွာဖွင့်နိုင်ခဲ့သည်။ ဒေသထွက်ပစ္စည်းများကို အနယ်နယ်အရပ်ရပ်သို့ တင်ပို့နိုင်သည်ထိ အောင်မြင်ခဲ့လေပြီ။ နောက်လဆိုလျှင် စတိုးဆိုင်ကြီးတစ်ခုကိုဖွင့်လှစ်တော့မည်။ အိမ်ထောင်ဖက်အမျိုးသမီးကလည်း စီးပွားရေးသမားမို့ လင်မယားနှစ်ယောက်စလုံးကြိုးစားကြလို့ အိမ်ကြီးအိမ်ကောင်းနှင့်နေနိုင်ခဲ့ပြီ။ မြေကွက်များလည်း ဝယ်ထားကြတာမနည်းပေ။ သားသမီးနှစ်ယောက်ကိုလည်း လူတန်းစေ့ထားနိုင်ခဲ့လေပြီ။ ကျောင်းအကောင်းစားကြီးကို ကိုယ်ပိုင်ကားနှင့်လိုက်ပို့နိုင်ပြီ။ မိမိသားသမီးများကို သူ့ဘဝလို ဘယ်တော့မှအရောက်မခံနိုင်။ ကိုယ်သာ ငွေမရှိလို့ အနှိမ်ခံဘဝနှင့် ချောင်ကလေးတွင်ငိုခဲ့ရသော်လည်း ယခုချိန်မှာ ခေါင်းမော့ရင်ကော့နိုင်ခဲ့ပြီဖြစ်လေသည်။

# ဒုတိယဆယ်စုနှစ်အတွင်း ချင်းနင်းဝင်ရောက်လာသော BRI

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလလယ်ပိုင်းတွင် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI) ၁၀ နှစ်ပြည့်အခမ်းအနား ကျင်းပခဲ့သည်။ BRI သည် ဒေသတွင်းပေါင်းစည်းဆောင်ရွက်မှု တိုးတက်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တစ်ပြိုင်တည်းဖြစ်ပေါ်လာရေးဆိုသော ရည်ရွယ်ချက်များဖြင့် တရုတ်နိုင်ငံကို ကုန်းလမ်းနှင့် ရေကြောင်းကွန်ရက်များမှတစ်ဆင့် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများနှင့် ချိတ်ဆက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ တရုတ်နိုင်ငံသည် BRI တိုးချဲ့အကောင်အထည်ဖော်မှုမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာလွှမ်းမိုးမှု အထူးသဖြင့် ဖွံ့ဖြိုးဆဲဒေသများတွင် လွှမ်းမိုးတိုးချဲ့နိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။


BRI သည် ပထမဆယ်စုနှစ်ကာလအတွင်း အနောက်နိုင်ငံများ၏ ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ အထူးသဖြင့် BRI အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကြွေးမြီဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်ပေါ်စေခြင်းနှင့် အဂတိလိုက်စားမှုများ ဖြစ်ပွားစေခြင်းဆိုသည့် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

ထို့ပြင် BRI သည် ကိုဗစ်-၁၉ ရောဂါကဲ့သို့သော မျှော်လင့်မထားသည့်စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။ ကိုဗစ်-၁၉ ရောဂါသည် ထောက်ပံ့ဖြန့်ဖြူးရေးဆိုင်ရာပြဿနာများနှင့် ပြည်ပနိုင်ငံများ၌ တရုတ်လုပ်သားများ ရွှေ့ပြောင်းရာတွင် ကန့်သတ်ချက်များဖြစ်ပေါ်စေခဲ့သည်။ မည်သို့ပင်ဆိုစေ BRI သည် ဒုတိယဆယ်စုနှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်လာပြီဖြစ်သောကြောင့် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုပျံ့နှံ့ရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေမည်ဖြစ်ကြောင်း ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအလားအလာများက ဖော်ပြလျက်ရှိသည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဂျကာတာ၌မိန့်ခွန်းပြောကြားစဉ် BRI ၏ပင်လယ်ရေကြောင်းဆိုင်ရာစီမံကိန်းများ စတင်နေပြီဖြစ်ကြောင်း ကြေညာသွားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံ၏ အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများအတွက် အလားအလာကောင်းသောနိုင်ငံအဖြစ် ပေါ်ထွက်လာခဲ့သည်။ သို့သော် မလေးရှားနိုင်ငံသည် BRI အတွက် ပိုမိုစိတ်အားထက်သန်လျက်ရှိသည်။ မလေးရှားနိုင်ငံနှင့်နှိုင်းယှဉ်ကြည့်ရာတွင် အင်ဒိုနီးရှားနိုင်ငံ၏စီးပွားရေးသည် သုံးဆကြီးမားနေသည့်အပြင် လူဦးရေမှာလည်း သုံးဆခန့်ရှိနေသည်။ သို့သော် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးနှင့် တစ်ဦးချင်းဝင်ငွေသည် မလေးရှားနိုင်ငံ၏ သုံးပုံတစ်ပုံခန့်သာရှိနေသည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၎င်း၏အရင်းအမြစ်များကို တရုတ်နိုင်ငံသို့တင်ပို့ရန် အလားအလာများလည်း ရှိနေသည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံများစွာလိုအပ်လျက်ရှိသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေဆိုင်ရာ အင်စတီကျူးရှင်းများသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်လျက်ရှိသည်။ အစိုးရယန္တရားများတွင် အင်ဒိုနီးရှားနိုင်ငံ၏ ဟန်ချက်ထိန်းညှိနိုင်မှုသည် မူဝါဒတည်ငြိမ်မှုကိုတိုးမြှင့်ပေးနိုင်ပြီး နိုင်ငံရေးဆိုင်ရာစွန့်စားမှုများကို လျှော့ချစေနိုင်ပေသည်။ သို့သော် တစ်ပါတီတည်းကသာ အုပ်ချုပ်လျက်ရှိသော မလေးရှားနိုင်ငံသည် အစိုးရယန္တရားများတွင်ဟန်ချက်ထိန်းညှိနိုင်မှု ကင်းမဲ့လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၏ အားသာချက်များရှိနေသော်လည်း မလေးရှားနိုင်ငံသည် လွန်ခဲ့သောဆယ်စုနှစ်အတွင်း BRI ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ခဲ့သည်။ တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံမှုကိန်းဂဏန်းအချက်အလက်များအရ မလေးရှားနိုင်ငံတွင် အခြေခံအဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံသာ ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ၈ ဒသမ ၆ ဘီလီယံ ကျော်ခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင်မူ အလားတူကာလ၌




အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၅ ဘီလီယံမှ ၃ ဒသမ ၇၇ ဘီလီယံထိသာ တိုးတက်ခဲ့ကြောင်း ဖော်ပြထားသည်။

မလေးရှားနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော ဒစ်ဂျစ်တယ်ပိုးလမ်းမ (DSR)တွင်လည်း စိတ်အားထက်သန်စွာပါဝင်လျက်ရှိသည်။ DSR သည် BRI ၏နည်းပညာပိုင်းဆိုင်ရာရှုထောင့်ဖြစ်ပြီး ပါဝင်ဆောင်ရွက်နေသောနိုင်ငံများတွင် ဒစ်ဂျစ်တယ်ချိတ်ဆက်မှုတိုးမြှင့်သွားရန် ရည်ရွယ်ထားရှိသည်။ ထိုစဉ်က မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်သည် အီလက်ထရွန်နစ်အထောက်အကူပြုကုန်သွယ်မှုလုပ်ငန်းများတိုးတက်ရေးအတွက် တရုတ်နိုင်ငံ၏ အကြီးစားနည်းပညာကုမ္ပဏီ Alibaba ကို ပူးတွဲတည်ထောင်သူ Jack Ma ကို အကြံပေးအဖြစ် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် မလေးရှားနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ကွာလာလမ်ပူနိုင်ငံတကာလေဆိပ်ဘေး၌ အီလက်ထရွန်နစ်အထောက်အကူပြု နိုင်ငံတကာကုန်သွယ်မှု ဗဟိုချက်မအဖြစ် လွတ်လပ်သော ဒစ်ဂျစ်တယ်ကုန်သွယ်မှုဇုန်(Digital Free Trade Zone)ကို ထူထောင်နိုင်ခဲ့သည်။

ထိုစဉ်က အင်ဒိုနီးရှားနိုင်ငံ၏ DSR စီမံကိန်းများသည် ပမာဏနည်းပါးခဲ့ပြီး မျှော်မှန်းထားသလောက် ခရီးမရောက်ခဲ့ပေ။ အဆိုပါစီမံကိန်းများတွင် အင်ဒိုနီးရှားနိုင်ငံ၌ တရုတ်စမတ်ဖုန်းနှင့် အီလက်ထရွန်နစ်အထောက်အကူပြုကုမ္ပဏီများတိုးချဲ့မှုကိုသာ အလေးထားဆောင်ရွက်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့်လည်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများက ဦးဆောင်သောစီမံကိန်းများကိုသာ ပိုမိုအလေးထားဆောင်ရွက်ခဲ့သည်။ သာဓကအနေဖြင့် ကမ္ဘာ့နီကယ်ထုတ်လုပ်မှုဗဟိုချက်မဖြစ်သည့် အင်ဒိုနီးရှား Morowali Industrial Park သည် အင်ဒိုနီးရှားနိုင်ငံရှိ အကြီးမားဆုံးသော တရုတ်ရင်းနှီးမြှုပ်နှံမှုများအနက်မှ တစ်ခုပင်ဖြစ်ပြီး တရုတ်နှင့် အင်ဒိုနီးရှားပုဂ္ဂလိက ကုမ္ပဏီများကြား ပူးတွဲရင်းနှီးမြှုပ်နှံထားရှိခြင်းပင်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ကိုဗစ်-၁၉ ရောဂါမတိုင်မီကာလကလောက် တိုးတက်မှုမရှိသည့်တိုင်အောင် လာမည့် ဆယ်စုနှစ်များအတွင်း ကမ္ဘာလုံးဆိုင်ရာစီးပွားရေးလုပ်ငန်းများသည် တရုတ်နိုင်ငံနှင့် BRI အပေါ် အကျိုးပြုနေဦးမည်ဖြစ်သည်။ ဆိုရလျှင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ၆၀ ရာခိုင်နှုန်းခန့်သည် အာဏာရှင်နိုင်ငံများဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ ၇၂ ရာခိုင်နှုန်းခန့်ရှိနေသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ တိုးတက်လာမှုသည် အာဏာရှင်နိုင်ငံများအတွက် ရွေးချယ်စရာနည်းလမ်းများ ဖန်တီးပေးလျက်ရှိသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း တည်ဆောက်ရေးစီမံကိန်းများအပေါ် BRI ၏ သုံးစွဲမှု ၇၇ ရာခိုင်နှုန်းခန့်ကို အာဏာရှင်နိုင်ငံများတွင်သာ လုပ်ဆောင်ခဲ့သည်။ အမှန်တော့ အာဏာရှင်နိုင်ငံများသည် ကမ္ဘာ့ဘဏ်နှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုဘဏ်များမှ ချေးငွေများရယူမည်ဆိုလျှင် အပြန်အလှန်အားဖြင့် အဆိုပါအင်စတီကျူးရှင်းများ၏ တောင်းဆိုမှုများကို လိုက်လျောရသည့်အပြင် နိုင်ငံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများလည်း လုပ်ဆောင်ကြရသည်။

ဆိုရလျှင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏စီးပွားရေးလုပ်ငန်းများသည် ၂၀၀၀ ပြည့်နှစ်ကထက် နှစ်ဆခန့်တိုးတက်လာလျက်ရှိပြီး လာမည့်ဆယ်စုနှစ်များတွင် ပိုမိုတိုးတက်လာရန် စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ထားရှိသည်။ ၁၉၉၁ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုမပြိုကွဲမီကာလတွင် ဖွံ့ဖြိုးဆဲစီးပွားရေးလုပ်ငန်းများသည် ကမ္ဘာ့ GDP ၏ ၃၇ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၃၀ ပြည့်နှစ်တွင် ၆၃ ရာခိုင်နှုန်းခန့်ရှိလာမည်ဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားရှိသည်။

တစ်ချိန်တည်းမှာပင် ကမ္ဘာလုံးဆိုင်ရာအခြေခံအဆောက်အအုံများတည်ဆောက်ရေးနှင့် ရှိရင်းစွဲအခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရန်အတွက် ဘဏ္ဍာငွေလိုအပ်ချက်သည် ၂၀၄၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ထရီလီယံခန့် ရှိလာမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာကြီးသည်ဝင်ငွေနည်းနိုင်ငံများတွင် အခြေခံအဆောက်အအုံများဆောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်မှုလုပ်ငန်းများအတွက် ၂၀၄၀ ပြည့်နှစ်ထိ နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်ထရီလီယံခန့်သုံးစွဲသွားရန်လိုအပ်သည်။ အဆိုပါကွက်လပ်ကိုဖြည့်ဆည်းနိုင်ရေးအတွက် တရုတ်နိုင်ငံသည် BRI မှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာလွှမ်းမိုးမှုကို ချဲ့ထွင်သွားလိမ့်မည်ဖြစ်သည်။

အလားတူ ဉာဏ်ရည်တုနည်းပညာ(AI)ကဲ့သို့သောနည်းပညာများ တိုးတက်လာခြင်းသည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများကို အရှိန်အဟုန်ဖြင့်တိုးတက်မှုဖော်ဆောင်နိုင်စေမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ပေါ်ထွန်းလာသော ဒစ်ဂျစ်တယ်နည်းပညာများတွင် အသုံးပြုနိုင်သည့် နည်းပညာဆိုင်ရာစံနှုန်းသစ်များ ဖန်တီးခြင်းအားဖြင့် တရုတ်ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အခမဲ့အသုံးပြု၍မရအောင် ထိန်းချုပ်ကန့်သတ်ခြင်းနှင့် ပြိုင်ဘက်နိုင်ငံများကိုလည်း ကျော်လွှန်နိုင်အောင် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

သာဓကအနေဖြင့် တရုတ်ကုမ္ပဏီသည် တန်ဇန်းနီးယားနိုင်ငံတွင် အမျိုးသား ICT ကွန်ရက်တည်ဆောက်ရေးအတွက် ကန်ထရိုက်ရရှိထားပြီး ၎င်းအင်တာနက်ချိတ်ဆက်မှုစနစ်သည် တရုတ် Huawei ကုမ္ပဏီက ထုတ်လုပ်သော နည်းပညာအထောက်အကူပြုပစ္စည်းများကိုသာသုံးစွဲနိုင်မည်ဖြစ်သည်။ အလားတူ အခြေခံအဆောက်အအုံများတွင် ဒစ်ဂျစ်တယ်နည်းပညာများ ပေါင်းစပ်ဆောင်ရွက်ခြင်းအားဖြင့် လမ်းမကြီးများတွင် ယာဉ်ကြောထိန်းချုပ်ရာ၌ ဒစ်ဂျစ်တယ်အာရုံခံစနစ်များကို အသုံးပြုသွားနိုင်မည်ဖြစ်သည်။ သာဓကအနေဖြင့် တရုတ်နိုင်ငံသည်၎င်း၏နည်းပညာနှင့် စံနှုန်းများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အသုံးချနိုင်ရေးအတွက် BRI မှတစ်ဆင့် အခွင့်အလမ်းများ ဖော်ဆောင်သွားနိုင်မည်ဖြစ်သည်။

ထို့ပြင် ကမ္ဘာ့လူဦးရေတိုးတက်မှုနှုန်းသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ၃၅ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၆၅ ရာခိုင်နှုန်းထိ ရှိလာမည်ဟု မျှော်မှန်းရပေသည်။ အာဖရိကဒေသရှိ အာဏာရှင်အုပ်ချုပ်သောနိုင်ငံများတွင် လူဦးရေတိုးတက်မှုနှုန်း ပိုမိုမြင့်တက်လာနိုင်ပေသည်။ ထို့ကြောင့် မြို့ပြများတည်ဆောက်ခြင်းသည် အခြေခံအဆောက်အအုံလိုအပ်ချက်မြင့်တက်လာစေပြီး ဒစ်ဂျစ်တယ်နည်းပညာလည်း လိုအပ်လာမည်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်လာခြင်းသည် တရုတ်နှင့် BRI အတွက် အခွင့်အလမ်းထပ်မံဖြစ်ပေါ်လာစေလျက်ရှိသည်။

ထို့ကြောင့် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများတွင် BRI ကို တောင်းဆိုချက်မြင့်မားလာလျက်ရှိပြီး အနာဂတ်တွင်လည်း BRI ကို လက်ခံလိုသည့်လိုလားချက်များ ပိုမိုမြင့်တက်လာနိုင်သဖြင့် အနောက်နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာလွှမ်းမိုးမှု မြင့်တက်လာခြင်းအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ထိရောက်သော မဟာဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန်လိုအပ်လာပြီဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပေသည်။

**ကိုးကား**

- **Belt and Road Initiative enters second decade By Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံ များကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၁၁၁၄ ဧက စိုက်ပျိုးပြီးစီး



**မင်းကင်း ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၁၁၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၅၅၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၁၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မြေပဲ ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ဆက်လက်လဲ စိုက်ပျိုးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ ဆောင်းမြေပဲ တိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုကတော့ ဆောင်းမှာ အများစုစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# စလင်းမြို့နယ် ဆည်ကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**စလင်း ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆည်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၃ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဆည်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ ဆည်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒသမစက်ဝန်းအဖြစ် အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို ငွေကျပ် ၅၈ သန်း ထုတ်ချေးပေးထားပြီး မိသားစုစီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နှင့် မြို့ပြကွာဟမှုလျှော့ချနိုင်ရေးအတွက် လိုအပ်သော ငွေကြေးနှင့် ဝန်ဆောင်မှုများကူညီပံ့ပိုးပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းရီ**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

ကမ္ဘာ့နိုင်ငံများက ၂၀၀၀ ပြည့်နှစ်တွင် ချမှတ်ခဲ့သည့် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များ(Millennium Development Goals - MDG)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲ၊ စိန်ခေါ်မှုနှင့် အောင်မြင်မှုများကိုအခြေခံ၍ ပိုမိုပြီးပြည့်စုံသောစဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDG) ကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက်ထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုချမှတ်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ၂၀၃၀ ပြည့်နှစ်ထိ ၁၅ နှစ်ကြာ အကောင်အထည်ဖော်သွားမည့် SDG တွင် ပန်းတိုင် ၁၇ ခု၊ ရည်မှန်းချက် ၁၆၉ ခုပါရှိပြီး အဆိုပါပန်းတိုင်များသည် ကမ္ဘာ့နိုင်ငံများ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ချမှတ်ထားသော ပန်းတိုင်များဖြစ်သည်။

ဆင်းရဲမှုများအဆုံးသတ်ရေး၊ ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေး၊ လူတိုင်းစေ့ကျန်းမာဝပြောရေး၊ အရည်အသွေးပြည့်ဝသည့် ပညာသင်ယူနိုင်ရေး၊ ကျားမတန်းတူညီမျှရေး၊ သန့်ရှင်းသောသောက်ရေသုံးရေနှင့် မိလ္လာစနစ်ရရှိရေး၊ ခေတ်မီစွမ်းအင်ရရှိရေး၊ အားလုံးအကျုံးဝင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ ရေရှည်တည်တံ့သည့် စက်မှုလုပ်ငန်းထူထောင်ရေး၊ မညီမျှမှုများလျှော့ချရေး၊ ရေရှည်တည်တံ့သောမြို့ပြများထူထောင်ရေး၊ တာဝန်သိသောစားသုံးမှုပုံစံဖြစ်ပေါ်စေရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချစေရေး၊ ရေသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂေဟစနစ်ထိန်းသိမ်းကာကွယ်ရေး၊ ငြိမ်းချမ်း၍ အားလုံးပါဝင်သော လူ့အဖွဲ့အစည်းများ ထူထောင်ရေး၊ ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေး ဟူသည့်ပန်းတိုင်များသည် ကမ္ဘာ့နိုင်ငံများ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်အချက်များပင်ဖြစ်သည်။

အဆိုပါပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံများက ဘဏ္ဍာရန်ပုံငွေများနှင့် လူ့စွမ်းအားအရင်းအမြစ်များကို အသုံးပြု၍ ဆောင်ရွက်ကြရာတွင် နိုင်ငံတိုင်း၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်အသုံးပြုနေကြသည့် ဘဏ္ဍာရန်ပုံငွေများသည် ထိရောက်စွာအသုံးချနိုင်ရန်နှင့် လိုအပ်သည့်နေရာများသို့ စနစ်တကျရောက်ရှိရန် လိုအပ်သည်။

"မိမိတို့အနေဖြင့် ထင်သာမြင်သာရှိသည့် ကြိုးစားအားထုတ်မှုများကို ပြုလုပ်နိုင်ခဲ့သော်လည်း အဂတိလိုက်စားမှုသည် ကမ္ဘာကြီးအတွက် အဓိကစိန်ခေါ်မှုအနေဖြင့်ရှိနေကြောင်း၊ အဂတိလိုက်စားမှုသည် သဘာဝသယံဇာတများကို ခါးပြတိုက်ရုံသာမက လူသားများ၏ မျှော်လင့်ချက်များကိုပါ ခါးပြတိုက်နေကြောင်း၊ အဂတိလိုက်စားမှုသည် ဖွံ့ဖြိုးတိုးတက်မှုကို ယုတ်လျော့စေသဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ရန်၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အဂတိလိုက်စားမှုကိုတားဆီးကာကွယ်ရန်၊ စုံစမ်းစစ်ဆေးရန်နှင့် အရေးယူရန်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုအားကောင်းရန် ဆောင်ရွက်ကြပါ"ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်ထိ ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း(United Nations Convention Against Corruption - UNCAC)အနှစ် ၂၀ ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၁၀)ကြိမ်မြောက်ညီလာခံ(The 10th session of the UNCAC Conference of States Parties - 10th COSP)သို့ပေးပို့ခဲ့သည့် ဗီဒီယိုမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဂတိလိုက်စားမှုသည် ကမ္ဘာ့နိုင်ငံများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသဖြင့် နိုင်ငံအားလုံးက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုပါ အလေးထားဆောင်ရွက်သင့်သည်။

❖ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ "အနာဂတ်မျိုးဆက်သစ်များအတွက် တည်ရှိလာမည့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်မည့် အခွင့်အလမ်းနှင့် အခွင့်အရေးများကို ထိခိုက်နစ်နာစေခြင်းမရှိဘဲ မိမိတို့၏ လက်ရှိအခြေအနေထက် ပိုမိုသာလွန်သောအနာဂတ်ကို ဖန်တီးပုံဖော်ခြင်းပင်ဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သောကမ္ဘာကြီးကို ဖန်တီးပုံဖော်ခြင်းဖြင့် လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးအတွက် ကြုံတွေ့နေရသောအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်မည်"ဟု ကုလသမဂ္ဂက ထောက်ပြထားသည်။ ❖

10th COSP နှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်များအနက် ကုလသမဂ္ဂ၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် ထုတ်ပြန်ချက်၌ "၂၀၃၀ ပြည့်နှစ်တွင်ပြည့်မီအောင်မြင်ရန် ချမှတ်ထားသည့် SDG ပန်းတိုင်များအောင်မြင်ရေးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် အဓိကကျကြောင်း၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဂတိလိုက်စားမှုက ခြိမ်းခြောက်နေသည်ကိုတွေ့ရှိရကြောင်း၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လျော့နည်းစေကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး စသည့်ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အစိုးရများ၏ ကြိုးစားဆောင်ရွက်မှုများနှင့် ခွဲဝေချထားပေးသည့် ဘဏ္ဍာရန်ပုံငွေများကို အဂတိလိုက်စားမှုက လမ်းလွှဲသို့ရောက်ရှိစေကြောင်း" တင်ပြထားသည်ကို တွေ့ရသည်။

"စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သောအဖွဲ့အစည်းများတိုးတက်စေရေး၊ အားလုံးအတွက် တရားမျှတမှုဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်း၌ ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော လူတိုင်းအကျုံးဝင်သည့် အဖွဲ့အစည်းများထူထောင်ရေး"ကို အကောင်အထည်ဖော်ရန် ချမှတ်ထားသည့် SDG ပန်းတိုင် ၁၇ ခုသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် အဓိကသက်ဆိုင်ပြီး ကျန်သောပန်းတိုင်များ အောင်မြင်ရေးအတွက် အဓိကကျသည်။

အကြမ်းဖက်မှုများ၊ ငွေကြေးခဝါချမှုများ၊ တရားမဝင် ငွေကြေးစီးဆင်းမှုများ၊ အုပ်စုဖွဲ့ ဖြစ်မှုကျူးလွန်မှုများ၊ လူကုန်ကူးမှုများ၊ တရားမဝင်မှောင်ခိုကူးခြင်းလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာဖြစ်မှုများ၊ ဆိုက်ဘာဖြစ်မှုများ စသည့်ဖြစ်မှုများကိုနှိမ်နင်းနိုင်မှသာလျှင် SDG ပန်းတိုင်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများကို ခြိမ်းခြောက်နေသည့် နိုင်ငံဖြတ်ကျော် မှုခင်းများအသွင်ဖြစ်ပွားနေသည့် ရာဇဝတ်မှုများ၏ အဓိကဇာတ်ကောင်မှာ အဂတိလိုက်စားမှုပင်ဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့(အင်တာပိုလ်)၏ 2022 Global Crime Trend Report တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

SDG ပန်းတိုင် ၁၆ . ၅ သည် "အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုပုံစံအမျိုးမျိုးကို သိသာထင်ရှားစွာ လျော့နည်းကျဆင်းလာစေရေး" ဆောင်ရွက်ရန်ဖြစ်ပြီး "အဂတိလိုက်စားမှုသည် အစိုးရယန္တရားအပေါ် ယုံကြည်မှုလျော့နည်းကျဆင်းစေခြင်းနှင့် အခြားသောဆိုးကျိုးများစွာရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို ကမောက်ကမဖြစ်စေသည်" ဟု UNDP Administrator ဖြစ်သူ Achin Steiner ၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားထားသည်ကို တွေ့ရသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ "အနာဂတ်မျိုးဆက်သစ်များအတွက် တည်ရှိလာမည့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်မည့် အခွင့်အလမ်းနှင့် အခွင့်အရေးများကို ထိခိုက်နစ်နာစေခြင်းမရှိဘဲ မိမိတို့၏ လက်ရှိအခြေအနေထက် ပိုမိုသာလွန်သောအနာဂတ်ကို ဖန်တီးပုံဖော်ခြင်းပင်ဖြစ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သောကမ္ဘာကြီးကို ဖန်တီးပုံဖော်ခြင်းဖြင့် လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးအတွက် ကြုံတွေ့နေရသော အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်မည်"ဟု ကုလသမဂ္ဂက ထောက်ပြထားသည်။

"အဂတိလိုက်စားမှုများကြောင့် ကမ္ဘာ့ GDP ၏ ငါးရာခိုင်နှုန်းခန့်ဆုံးရှုံးနေပြီး အများပြည်သူဆိုင်ရာ ဘဏ္ဍာရန်ပုံငွေ၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသော အမေရိကန်ဒေါ်လာ ၁၃ ထရီလီယံခန့်သည်လည်း အဂတိလိုက်စားမှုကြောင့် ဆုံးရှုံးနေရကြောင်း၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများကြောင့် နိုင်ငံများ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို အနှောင့်အယှက်အဟန့်အတားဖြစ်စေကြောင်း" ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ (United Nations Economic and Social Council-UNECOSOC) ၏ ၂၀၂၃ ခုနှစ် မေလက ကျင်းပပြုလုပ်ခဲ့သည့် အထူးအစည်းအဝေးတွင် UNECOSOC ဥက္ကဋ္ဌဖြစ်သူ H.E. Ms. Lachezara Stoeva က ဆွေးနွေးခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan - MSDP) (၂၀၁၈-၂၀၃၀) မဏ္ဍိုင်(၁) ပန်းတိုင်(၁)၏ မဟာဗျူဟာ ၁. ၄. ၅ တွင် "နစ်နာမှုများကို ထုတ်ဖော်ခြင်းနှင့် တိုင်ကြားခြင်းစနစ်များ ပိုမိုကောင်းမွန်စေခြင်း အပါအဝင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်သက်ဆိုင်သည့် ဥပဒေများ၊ သက်ဝင်ကျင့်သုံးမှုနှင့် မူဝါဒများကို သုံးသပ်စေရန်နှင့် ပိုမိုခိုင်မာစေရေး" ဆောင်ရွက်ရန် ချမှတ်ထားပြီးဖြစ်သည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့်လည်း စုံစမ်းစစ်ဆေးတရားစွဲတင်ဆောင်ရွက်ခဲ့သည့်အမှုများမှ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှုနှင့် နိုင်ငံ့ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းနိုင်မှုအနေဖြင့် မြန်မာငွေကျပ် ၂၃ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ ၄ သန်းကျော်ရှိပြီး နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးမှုမရှိစေရေး ကာကွယ်နိုင်ခဲ့မှုအနေဖြင့် ငွေကျပ် ၁၅၅ ဘီလီယံ ကျော်နှင့် ယူရိုငွေ သုံးသန်းကျော်တို့အပြင် နိုင်ငံတော်က ရရန်ရှိသည့်ငွေကြေး၊ ပစ္စည်း၊ အခွန်အခများကိုလည်း သက်ဆိုင်ရာကုမ္ပဏီများက ပြန်လည်ပေးသွင်းနိုင်ရေး ဆောင်ရွက်ထားနိုင်သည်ကိုတွေ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေသည့် အဂတိလိုက်စားမှုများကို စနစ်တကျတိုက်ဖျက်နိုင်ခြင်း၏ ရလဒ်များပင်ဖြစ်သည်။

"သင်သေသွားသော် သင်ဖွားသောမြေ၊ သင်တို့မြေသည် အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏"ဆိုသည့် ဆရာဇော်ဂျီ၏ "သင်သေသွားသော်"ကဗျာပါ တိုက်တွန်းချက်များနှင့်အညီ မိမိတို့အနေဖြင့် နောင်မျိုးဆက်သစ်များအတွက် ကောင်းမွန်သော၊ ရေရှည်တည်တံ့သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများကို ဖန်တီးပုံဖော်ပေးအပ်ထားခဲ့ရန် တာဝန်ရှိသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပုံဖော်ရာတွင် အနှောင့်အယှက်အဟန့်အတားဖြစ်နေသည့် အဂတိလိုက်စားမှုများ တိုက်ဖျက်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြုပြင်ပြောင်းလဲရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုပြဿနာသည် ကြီးမားသည့် ခလုတ်တံသင်းဖြစ်ကြောင်း" ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက်အဟန့်အတားဖြစ်နေသည့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်သဖြင့် ပြည်သူတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ရည်ရွယ်ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များနှင့်စပ်လျဉ်းသည့် တင်ပြချက်များ၊**
- **https://www.mopf.gov.mm/**
- **UNDP Administrator Achin Steiner ၏ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ မိန့်ခွန်းကောက်နုတ်ချက်၊**
- **https://www.accm.gov.mm/**

လင်းလက်

# ဆောင်းရာသီမှာ ဝမ်းမချုပ် ခေါင်းမခဲစေဖို့

ပေါက်ပေါက်

နံနက်အိပ်ရာထ ပါးစပ်ကနေစားလာတဲ့ အစာသစ်တွေကို ခန္ဓာကိုယ်က အစာအာဟာရအနေနဲ့ စုပ်ယူပြီးနောက် မလိုလားအပ်တဲ့အစာဟောင်းတွေကို မစင်အဖြစ် စွန့်ထုတ်ကြပါတယ်။ တစ်နေ့ကို အနည်းဆုံး တစ်ကြိမ်စွန့်ထုတ်နိုင်မှ ပေါ့ပါးလန်းဆန်းစေမှာ ဖြစ်ပါတယ်။ ဒါကြောင့်လဲ "ဝမ်းတစ်လုံးကောင်းရင် ခေါင်းမခဲဘူး"လို့ ရှေးလူကြီးတွေက ဆိုပါတယ်။

**ဆောင်းရာသီနှင့် ဝမ်းချုပ်ခြင်း**

မြန်မာနိုင်ငံမှာ ဆယ့်နှစ်လရှိတဲ့အနက် တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ လေးလက ဆောင်းရာသီကာလဖြစ်ပါတယ်။ အထူးသဖြင့် ချမ်းအေးတဲ့ ဆောင်းရာသီရောက်ရင် အသက်အရွယ်ကြီးရင့်သူတွေ ဝမ်းချုပ်လေ့ရှိကြပြီး ပုံမှန်ဝမ်းသွားသူ သက်လတ်ပိုင်းတချို့လဲ ဝမ်းချုပ်လာတတ်ကြပါတယ်။ တချို့သူတွေရဲ့ ဇီဝဖြစ်စဉ်က ပျမ်းမျှနှစ်ရက်ကို တစ်ကြိမ်ပဲ ဝမ်းသွားလေ့ရှိပါတယ်။ အဲဒီထက်ပိုပြီး အစာဟောင်းမစွန့်ထုတ်နိုင်တာကို ဝမ်းချုပ်တယ်လို့ ခေါ်ပါတယ်။

ဒါကြောင့် ဝမ်းသွားချင်စိတ်ကို လျစ်လျူရှုမထားဘဲ အချိန်ပေးပြီး အိမ်သာတက်တဲ့အလေ့အကျင့်ကို မွေးမြူသင့်ပါတယ်။ အထူးသတိပြုသင့်တာက ဝမ်းချုပ်တာ အချိန်ကြာလာတာနဲ့အမျှ စမြင်းခံလာပြီး အတင်းအားစိုက် ညှစ်ထုတ်ရတဲ့အတွက် လိပ်ခေါင်းရောဂါအမျိုးမျိုး(အတွင်းလိပ်၊ အပြင်လိပ်၊ ရောရိရောရာလိပ်)နဲ့ စအိုကွဲတဲ့ဝေဒနာတွေကို ဖြစ်စေနိုင်ပါတယ်။

**အကြောင်းအမျိုးမျိုးကြောင့် ဝမ်းချုပ်နိုင်**

- စားသောက်မှုပုံစံ မှန်ကန်မှုမရှိ စနစ်မကျတာ၊ အိပ်ချိန်မမှန်တာ၊ အထိုင်များပြီး ကိုယ်လက်လှုပ်ရှားမှုနည်းတာ၊ ရေသောက်နည်းတာ စတာတွေကလဲ အရွယ်သုံးပါးမရွေး ဝမ်းချုပ်တတ်ပါတယ်။
- ရောဂါတစ်ခုခုကြောင့် ပဋိဇီဝဆေးမှီဝဲနေရပြီး အဲဒီဆေးရဲ့ ဘေးထွက်ဆိုးကျိုးကြောင့်လဲ ဝမ်းချုပ်တာကို ဖြစ်စေပါတယ်။
- မူးယစ်ဆေးဝါးသုံးစွဲသူတွေ၊ Aspirin နဲ့ Ibuprofen စတဲ့ အကိုက်အခဲပျောက်ဆေးဝါးတွေ၊ ကယ်လ်စီယမ်နဲ့ သံဓာတ်အားဆေးတွေက ဝမ်းချုပ်စေပါတယ်။
- ဝမ်းသွားလို့ ဝမ်းပိတ်ဆေးများများ သောက်သုံးတာကလဲ ရက်အတန်ငယ် ဝမ်းချုပ်သွားတတ်ပါတယ်။
- နွားနို့က ဝမ်းမချုပ်စေပေမဲ့ နွားနို့ကို ပြန်လည်ပြုပြင်ထားတဲ့ ချိစ်၊ ဒိန်ခဲ စတဲ့ နို့ထွက်ပစ္စည်းတွေနဲ့ အဆီဓာတ်များတဲ့ အသားတွေက အစာမကြေ ဝမ်းချုပ်တာကို ဖြစ်စေပါတယ်။
- ရင်ပူတာကို ပြေပျောက်တဲ့ Antiacids ဆေးဝါးတွေ၊ သွေးကျဆေးတွေ၊ Antihista-mines ဓာတ်ပါတဲ့ ယားနာပျောက်ဆေးတွေ၊ စိတ်ကျဝေဒနာသည်တွေနဲ့ စိတ်ကျတာကို ကုသပေးနိုင်တဲ့ Antidepressant ဆေးဝါးတွေက ဝမ်းချုပ်စေတတ်ပါတယ်။ ဒါကြောင့် အဲဒီဆေးဝါးကို မှီဝဲနေရသူတွေက အမျှင်ဓာတ်များတဲ့ အစားအစာတွေ ပိုစားပြီး ရေများများသောက်ပေးပါ။
- Crohn's Disease ခေါ် အစာခြေလမ်းကြောင်း နာတာရှည်ရောဂါတွေနဲ့ Ul-cerative Colitis ခေါ် အူမကြီး အမြှေးရောင်ရမ်းတာကြောင့် ဝမ်းချုပ်စေပါတယ်။
- အမျိုးသမီးတွေ ရာသီလာစဉ်ကာလတွေ၊ ကိုယ်ဝန်ဆောင်ချိန်တွေနဲ့ ကလေးမီးဖွားပြီးစ အချိန်တွေမှာ ဝမ်းချုပ်လေ့ရှိပါတယ်။
- ဆီးချိုရောဂါက အာရုံကြောတွေကို ပျက်စီးသွားပြီး အစာကိုကောင်းကောင်း မခြေဖျက်နိုင်တော့ဘဲ ဝမ်းချုပ်လာစေပါတယ်။
- Hypothyroid ခေါ် လည်ပင်းအကျိတ်ဂလင်းရောဂါက ခန္ဓာကိုယ်ရဲ့ဇီဝကမ္မဖြစ်စဉ်ကို နှေးကွေးသွားစေပြီး ဝမ်းချုပ်တာကို ဖြစ်စေပါတယ်။
- ချောကလက်လျှော့စားပါ။ အမေရိကန်နိုင်ငံ ဆေးသုတေသီတွေက နာတာရှည် ဝမ်းချုပ်သူတွေကို လေ့လာဆန်းစစ်တဲ့အခါ ချောကလက်စားသုံးမှုများသူတွေမှာ ပိုပြီး ဝမ်းချုပ်စေတာကို လေ့လာတွေ့ရှိခဲ့ပါတယ်။



- အသင့်စား အစားအသောက်တွေ၊ အကြော်အလှော်တွေက ဝမ်းချုပ်စေပါတယ်။
- ကော်ဖီနဲ့ လက်ဖက်ရည် လျှော့သောက်ပါ။
- ဆေးလိပ်နဲ့အရက်တွေ မသောက်သုံးပါနဲ့။

**ဝမ်းကောင်း၍ခေါင်းမခဲစေသော နည်းလမ်းကောင်းများ**

- နံနက်အိပ်ရာထ သောက်ရေ သုံးခွက်ဆက်တိုက်သောက်ပေးတာက အူတွေကို အလုပ်လုပ်စေပြီး ဝမ်းသက်စေပါတယ်။ နေ့တိုင်း ရေ ရှစ်ခွက်ကနေ ၁၀ ခွက်ထိ သောက်တဲ့ အလေ့အကျင့်ကိုမွေးမြူပါ။
- သံပရာသီးက ဝမ်းချုပ်တာကို သက်သာစေနိုင်ပါတယ်။ နံနက်အိပ်ရာထ အစာမစားခင်မှာ ရေနွေးတစ်ဖန်ခွက်ထဲကို သံပရာသီး တစ်လုံးညှစ်ပြီး ပျားရည်ကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းနဲ့ ဆားအနည်းငယ် ဖျော်သောက်ပါ။
- ပဲသီး၊ ဟင်းနုနယ် စတဲ့ အစိမ်းရောင်ဟင်းသီးဟင်းရွက်တွေနဲ့ လိမ္မော်သီး၊ သစ်တော်သီးလိုအရည်ရွှမ်းပြီး အမျှင်ဓာတ်များတဲ့ သစ်သီးတွေစားပါ။
- အမျှင်ဓာတ်ပေါများတဲ့ ဂုန်လျှော်စေ့က အစာကြေစေပြီး ဝမ်းချုပ်တာကို သက်သာပျောက်ကင်းစေပါတယ်။
- နွားနို့ပူပူသောက်တာက အူမကြီးကို ကောင်းကောင်း လှုံ့ဆော်ပေးနိုင်ပြီး ဝမ်းမချုပ်စေနိုင်ပါဘူး။ ဒါမှမဟုတ် ညအိပ်ရာဝင်ခါနီး နွားနို့ ပူပူထဲမှာ ထောပတ်ကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းပမာဏခတ်ပြီး သောက်တာက နံနက်ပိုင်းမှာ ရှောရှောရှူရှူ ဝမ်းသက်စေပါတယ်။
- သဖန်းသီး၊ ပဲကတ္တီပါ၊ မြေပဲ၊ စွန်ပလွံသီး၊ ပဲပင်ပေါက်စားပေးပါ။
- မာလကာသီး(အူနီ)အမှည့်က ဝမ်းချုပ်တာကို သက်သာစေပါတယ်။
- ကြံရည်၊ ခရမ်းချဉ်သီးနဲ့ Beet Root ခေါ် သကြားမုန်လာဥ ခေါ် သွေးရောင်လို အရည်ရွှမ်းတဲ့ မုန်လာဥနီက ဝမ်းသက်စေပါတယ်။
- နံနက်တိုင်း သဘော်သီးမှည့်မှည့်စားပါ။ (နေ့လယ် ၁၂ နာရီမတိုင်မီကို ဆိုလိုပါသည်)
- ညအိပ်ရာဝင်ခါနီး ဖီးကြမ်းငှက်ပျောသီးမှည့်မှည့်စားပါ။
- ပန်းသီးက ခန္ဓာကိုယ်တွင်း အဆိပ်အတောက်တွေကိုပြေစေပြီး ဝမ်းချုပ်တာကို ကောင်းကျိုးပြုနိုင်လို့ တစ်နေ့တစ်လုံး စားသင့်ပါတယ်။
- အမျှင်ဓာတ်များတဲ့ အစားအစာတွေ ဖြစ်ကြတဲ့ ကိုက်လန်၊ မုန်ညင်းစိမ်း၊ ဟင်းနုနယ်၊ ကန်စွန်းရွက် စတဲ့ အစိမ်းရောင် အရွက်ဖားဖား ဟင်းရွက်တွေ၊ ဂေါ်ဖီမျိုးနွယ်တွေ ဖြစ်ကြတဲ့ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ ခေါ် အဖြူရောင် ပန်းဂေါ်ဖီ၊ ဘရိုကိုလီ ခေါ် ပန်းဂေါ်ဖီစိမ်း၊ ပဲစေ့အမျိုးမျိုး၊ မျှစ်စို၊ ဘယ်ရီသီးအမျိုးမျိုး၊ ထောပတ်သီး၊ ကွေကာအုတ် စတာတွေက ဝမ်းကိုသက်သက်သာသာ သွားစေပါတယ်။
- ဆောင်းရာသီ ဝမ်းချုပ်လေ့ရှိသူတွေက မန်ကျည်းသီးမှည့်နဲ့ချက်တဲ့ ချဉ်ရည်ဟင်းတွေ ဥပမာ ကန်စွန်းရွက်ချဉ်ရည်ဟင်း၊ မုန်ညင်းစိမ်း ချဉ်ရည်ဟင်းတွေကို မကြာမကြာချက်စားသင့်ပါတယ်။
- ဝမ်းနုတ်ဆေး တာရှည်စားတာက အူပါးတာကို ဖြစ်စေတဲ့အပြင် ကာလကြာလာတာနဲ့အမျှ ဆေးယဉ်ပါးသွားတတ်ပါတယ်။ ဒါကြောင့် ဝမ်းနုတ်ဆေးမစားဘဲ မန်ကျည်းသီးမှည့်တွင် ဆားအနည်းငယ်ခတ်ပြီး အညိုရောင်ထန်းလျက်နဲ့ မန်ကျည်းဖျော်ရည် ပျစ်ပျစ် တစ်နေ့တစ်ခွက် သောက်တာက ဘေးထွက်ဆိုးကျိုးမရှိပါဘူး။
- အရွက်မှာ အမွှေးလေးတွေပါရှိတဲ့ ကုလားမြင်းခွာရွက်ပင်ရဲ့ အပွင့်ကိုသကြားနဲ့ကြိတ်ပြီးစားပေးပါ။
- ကြက်ဟင်းခါးသီးကို သောက်ရေ၊ ဆားနဲ့ စိမ်ပြီးသောက်ပါ။
- ကြက်ဟင်းခါးသီးကို ရေနံ့ဆီနဲ့စိမ်ပြီး ဝမ်းဗိုက်ကိုလိမ်းပေးပါ။
- ကြိတ်မှန်ရွက် ၂၅ ကျပ်သားကို ထန်းလျက် ၁၀ ကျပ်သား၊ အရည်ညှစ်ပြီးတဲ့ ရှောက်သီးဖတ် ၁၀ ကျပ်သား၊ ခပ်ပါးပါးလှီးထားတဲ့ ကြက်သွန်နီ ၁၀ ကျပ်သား၊ စမုန်မျိုးငါးပါး အမှုန့် နှစ်ပဲသားစီနဲ့ ရောချက်ထားတဲ့ ကြိတ်မှန်ရွက်ယိုကို လက်ဖက်ရည်ဇွန်း တစ်ဇွန်း တစ်နေ့ကို သုံးကြိမ်စားပေးပါ။
- နံနက်စောစော ၁၅ မိနစ်လောက် လမ်းသွက်သွက်လျှောက်တာက အူတွေကိုလှုပ်ရှားပြီး ဝမ်းသွားစေပါတယ်။
- အူလေ့ကျင့်ခန်းက သဘာဝနည်းနဲ့ ဝမ်းသက်စေပါတယ်။(တင်ပျဉ်ခွေထိုင်၍ ဝမ်းဗိုက်ကြွက်သားဆီ အာရုံစူးစိုက်ကာ လေရှူလေထုတ်ပြင်းပြင်းလုပ်ခြင်းကို ဆိုလိုပါသည်)

**ဝမ်းချုပ်သောကလေးကို ပြုစုစောင့်ရှောက်နည်း**

ကလေးတွေမှာ ဝမ်းချုပ်တာကို တော်တော်များများတွေ့ရှိရတဲ့ပြဿနာဖြစ်ပြီး အဓိကအနေနဲ့ အစားအသောက်၊ အနေအထိုင်ပြောင်းလဲမှုနဲ့ များများသက်ဆိုင်နေပါတယ်။ ဝမ်းချုပ်တဲ့ကလေးမှာ နေရထိုင်ရခက်ပါတယ်။ ဝမ်းသွားရင်နာပြီးစအိုကွဲတတ်သလို ဝမ်းချုပ်ချိန် ကြာလာတာနဲ့အမျှ မစားချင်၊ မသောက်ချင်၊ ပျို့အန်တာတွေ ဖြစ်လာနိုင်ပါတယ်။ ဝမ်းအလွန်ချုပ်ရင် သွေးပါတတ်ပြီး အစာဟောင်းအိမ်ရဲ့ နံရံအတွင်းသားတွေ ကျုံ့ကျတာ၊ အူကျုံ့တာ ဖြစ်တတ်ပါတယ်။ ဝမ်းချုပ်တာ အကျင့်ပါသွားရင် နောက်ဆက်တွဲဆိုးကျိုးအနေနဲ့ အူလမ်းကြောင်း ပြဿနာရှိပြီး အဆိုးဆုံးအခြေအနေမှာ အူလမ်းကြောင်း ပိတ်ဆို့တတ်ပါတယ်။

မွေးကင်းစကနေ ခြောက်လအရွယ်ထိ မိခင်နို့တစ်မျိုးတည်းကိုပဲ တိုက်ကျွေးတဲ့ကလေးတွေမှာ ဝမ်းသွားတာ၊ ဝမ်းချုပ်တာတွေက စိတ်ပူစရာမရှိပါဘူး။ ဒါပေမဲ့ ကလေးမှာ-

- တစ်ပတ်ကို သုံးရက်ထက် လျော့ပြီးဝမ်းသွားရင် ဝမ်းချုပ်တယ်လို့ သတ်မှတ်ပါတယ်။
- သုံးရက်တစ်ခါ ဝမ်းမသွားရင် ဝမ်းချုပ်တယ်လို့ သတ်မှတ်ပါတယ်။
- ပုံမှန်ဝမ်းသွားပေမဲ့ ဝမ်းသွားချိန်မှာ ညှစ်နေရရင်လဲ ဝမ်းချုပ်တယ်လို့ သတ်မှတ်ပါတယ်။
- ၁၀ ရက်လောက် ဝမ်းမသွားရင် အန္တရာယ်ရှိနေပါပြီ။ ဆရာဝန်နဲ့ပြပြီး သေသေချာချာ စစ်ဆေးမှု ခံယူရပါမယ်။

ဒါကြောင့် ကလေးငယ်တွေ ဝမ်းချုပ်ရင် အနေအထိုင်၊ အစားအသောက် ပြင်ဆင်ပြောင်းလဲပေးဖို့ လိုအပ်သလို အသီးအနှံ၊ ဟင်းသီးဟင်းရွက် များများကျွေးဖို့လိုအပ်ပါတယ်။ ရေများများတိုက်တာ၊ လှုပ်လှုပ်ရှားရှား ပြေးလွှားဆော့ကစားတာတွေ လုပ်တာဟာ ဝမ်းချုပ်အကျင့်ပါမှုကို ပြန်လည်ကောင်းမွန်စေနိုင်ပါလိမ့်မယ်။

အချုပ်အနေနဲ့ဆိုရရင် ချမ်းအေးတဲ့ ဆောင်းရာသီရောက်ရင် ပုံမှန်ဝမ်းသွားသူတွေမှာ ဝမ်းချုပ်လာတတ်ကြလေ့ရှိပြီး နိစ္စဓူဝမှာ လေ့ကျင့်ခန်းဆန်ဆန် ပြုမူလှုပ်ရှားနေတာ၊ အထက်မှာ ရေးသားဖော်ပြထားတဲ့ ဝမ်းပျော့စေမဲ့ အစားအသောက်တွေကို ရွေးချယ်စားသုံးတာ၊ ဝမ်းချုပ်စေတတ်တဲ့ ကောက်ညှင်းနဲ့ ပြုလုပ်ထားတဲ့ အစားအစာတွေကို လျှော့စားတာဟာ ဝမ်းကောင်းပြီး ခေါင်းမခဲတော့ဘဲ ပေါ့ပါးလန်းဆန်းစေမှာဖြစ်ပါတယ်လို့ ရေးသားလိုက်ရပါတယ်။

# မော်ရိုကိုနိုင်ငံ၌ ၂၀၂၄ ခုနှစ်တွင်လည်း မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိ



**ရာဘတ် ဒီဇင်ဘာ ၂၄**

မော်ရိုကိုနိုင်ငံ ဒေသအမြောက်အမြား၌ မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရသည်မှာ ငါးနှစ်ကျော်ရှိနေပြီဖြစ်ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင်လည်း မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း မော်ရိုကိုစက်ကိရိယာနှင့် ရေဝန်ကြီး နီဇာဘာရာကာက ပြောကြားသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရာသီဥတုပြောင်းလဲမှုပြဿနာသည် မော်ရိုကိုနိုင်ငံ၏ စီးပွားရေးကဏ္ဍကို ဆိုးရွားစွာထိခိုက်စေနိုင်ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင် မိုးခေါင်သည့်ပြဿနာကို ရင်ဆိုင်နိုင်ရေးအတွက် ကဏ္ဍအသီးသီးက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် လိုအပ်နေကြောင်းလည်း ဝန်ကြီးနီဇာဘာရာကာက ပြောကြားသွားခဲ့သည်။

"မော်ရိုကိုနိုင်ငံရဲ့ နယ်မြေတော်တော်များများမှာ တစ်ခါမှ မကြုံတွေ့ဖူးတဲ့ မိုးခေါင်တဲ့ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ နယ်မြေတချို့မှာဆိုရင် ငါးနှစ်ဆက်တိုက် မိုးခေါင်တဲ့ပြဿနာနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီနယ်မြေတွေဟာ စိုက်ပျိုးရေးကိုအခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ပြည်သူတွေ များပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလကနေ အခုဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့တဲ့ မိုးလေဝသအခြေအနေတွေကို ကြည့်ခြင်းအားဖြင့် ၂၀၂၄ ခုနှစ်အတွင်းမှာလဲ မိုးခေါင်တဲ့ပြဿနာတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်"ဟု မော်ရိုကို စက်ကိရိယာနှင့် ရေဝန်ကြီး နီဇာဘာရာကာက ပြောကြားခဲ့သည်။

မော်ရိုကိုနိုင်ငံတွင် မိုးခေါင်သည့်ပြဿနာဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရသည့်နယ်မြေမှာ ဒရာ-တာဖီလာလက်နယ်မြေဖြစ်ပြီး စိုက်ပျိုးရေးကိုအခြေခံသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသဖြင့် မိုးခေါင်သည့်ပြဿနာသည် ၎င်းနယ်မြေရှိဒေသများမှ ဒေသခံများအတွက် စီးပွားရေးကျပ်တည်းမှုကို ဖြစ်စေကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ထိုင်းနိုင်ငံတစ်ဝန်းတွင် ဒီဇင်ဘာ ၂၃ ရက်က စံချိန်တင်အပူချိန်ကျဆင်းမှုဖြစ်ပွားခဲ့

**ဗန်ကောက် ဒီဇင်ဘာ ၂၄**

ထိုင်းနိုင်ငံတစ်ဝန်းတွင် ဒီဇင်ဘာ ၂၃ ရက်က စံချိန်တင်အပူချိန်ကျဆင်းမှုဖြစ်ပွားခဲ့ပြီး ဒီဇင်ဘာလအတွက် အအေးဆုံးနေ့အဖြစ်လည်း စံချိန်တင်ခဲ့ကြောင်း ထိုင်းနိုင်ငံ မိုးလေဝသဌာနက ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ထိုင်းနိုင်ငံတစ်ဝန်းတွင် ဒီဇင်ဘာ ၂၃ ရက်က အပူချိန်များ စံချိန်တင်ကျဆင်းခဲ့ရာ ထိုင်းနိုင်ငံအရှေ့မြောက်ဘက်ရှိ ပြည်နယ်တစ်ခုဖြစ်သော နခွန်ဖနွမ်ပြည်နယ်တွင် ၁၀ ဒီဂရီစင်တင်ဂရိတ်သို့လည်းကောင်း၊ ဗန်ကောက်မြို့တွင် ၁၈ ဒီဂရီစင်တီဂရိတ်သို့လည်းကောင်း အပူချိန်စံချိန်တင်ကျဆင်းခဲ့ကြောင်း ထိုင်းနိုင်ငံမိုးလေဝသဌာန၏ ဗဟိုမိုးလေဝသခန့်မှန်းချက်ဌာနခွဲ ဒါရိုက်တာဖြစ်သူ Somkuan Tonjan က ပြောကြားခဲ့သည်။

"နိုင်ငံအနှံ့အပြား အပူချိန်စံချိန်တင် ကျဆင်းသွားတာက တရုတ်နိုင်ငံဘက်က အအေးဓာတ်ပိုလာတဲ့အခြေအနေနဲ့ သက်ဆိုင်နေပြီး နောက်ရက်တွေမှာလဲ အအေးပိုလာနိုင်ပါတယ်"ဟု Somkuan Tonjan က ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံဘက်တွင် ယခုရက်ပိုင်းအတွင်း အအေးပိုမှုအခြေအနေများနှင့် ထိုင်းနိုင်ငံ၏ အပူချိန်ကျဆင်းမှုမှာ ဆက်စပ်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းတွင် ပျမ်းမျှအပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်ခန့် လျင်မြန်စွာ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အပူချိန်ကျဆင်းမှုသည် ဒီဇင်ဘာ ၂၆ ရက်ထိ ဆက်လက်ဖြစ်ပေါ်နိုင်ပြီး ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်ထိ အပူချိန်ပြန်လည်မြင့်တက်လာနိုင်သည်ဟု Somkuan Ton-jan က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# အိန္ဒိယနိုင်ငံက သဘာဝဘေးအန္တရာယ်များကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် AI ဖြင့် အချိန်ပြည့်စောင့်ကြည့်ကင်းထောက်ခြင်းလုပ်ငန်း စတင်စမ်းသပ်နေ

**နယူးဒေလီ ဒီဇင်ဘာ ၂၄**

အိန္ဒိယနိုင်ငံသည် နိုင်ငံတွင်းရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် ဉာဏ်ရည်တုနည်းပညာ (AI) ဖြင့် အချိန်ပြည့်စောင့်ကြည့်ကင်းထောက်ခြင်းလုပ်ငန်းကို စတင်စမ်းသပ်နေပြီဖြစ်ကြောင်း သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာစင်တာက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အိန္ဒိယနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များဆက်တိုက်ဖြစ်ပေါ်ကာ ကြီးမားသည့်ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ မလိုလားအပ်သောဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရခြင်းမှာ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်မှုကို အချိန်နှင့်တစ်ပြေးညီ မသိရှိနိုင်ခြင်းကြောင့်ဖြစ်သဖြင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာမှုကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် အချိန်ပြည့်စောင့်ကြည့်ကင်းထောက်ပြီး ပြည်သူများကို သတိပေးနိုင်ရေးအတွက် ဉာဏ်ရည်တုနည်းပညာ (AI) ဖြင့် စမ်းသပ်မှုများပြုလုပ်သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်ပြီး ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များကြောင့် ၂၀၂၃ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံတွင် လူဦးရေ ၃၀၀၀ ခန့် သေဆုံးမှုဖြစ်ပွားခဲ့ပြီး အများစုမှာ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာမှုကို အချိန်မီ မသိနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစင်တာက ထုတ်ပြန်ခဲ့သည်။

နယူးဒေလီနည်းပညာအင်စတီကျူကလည်း ဉာဏ်ရည်တုနည်းပညာ (AI) ကို အမြန်ဆုံးအသုံးပြုနိုင်ရေးအတွက် ကူညီပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။



၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။




# ဘာရိန်းနိုင်ငံ၌ ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မာနာမာ ဒီဇင်ဘာ ၂၄**

အနောက်အာရှဒေသတွင် ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေးအလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ဒီဇင်ဘာ ၂၃ ရက်မှ ယနေ့ထိ ဘာရိန်းနိုင်ငံ၌ ကျင်းပလျက်ရှိကြောင်း ဘာရိန်းနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘာရိန်းနိုင်ငံ Supreme Council for Environment သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကောင်စီချုပ်က ဦးဆောင်၍ အနောက်အာရှနိုင်ငံများတွင် ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေး၊ စိန်ခေါ်မှုများနှင့် ရေရှည်တည်တံ့သော ဖြေရှင်းနည်းများခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို လက်ခံကျင်းပလျက်ရှိရာ အဆိုပါဆွေးနွေးပွဲသို့ ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် အာရပ်နိုင်ငံ ၁၀ နိုင်ငံအပါအဝင် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ အနောက်အာရှရုံးမှ တာဝန်ရှိသူများ တက်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဘာရိန်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ကြည့်ရေးနှင့် ကာကွယ်ရေးညွှန်ကြားရေးမှူး Lama Al Mahroos က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကောင်စီချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ အနောက်အာရှရုံးတို့ကြား အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို ချီးကျူးကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် လက်ရှိ ကျင်းပလျက်ရှိသော ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲအပါအဝင် အရေးကြီးသောစီမံကိန်းများစွာကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

နှစ်ရက်ကြာ ကျင်းပသည့် ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပလတ်စတစ်၏ ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ မှန်ကန်စွာစီမံခန့်ခွဲရေးနှင့် ပတ်သက်သည့် စိန်ခေါ်မှုများကို ကိုယ်စားလှယ်များက ၎င်းတို့၏နိုင်ငံများမှ အတွေ့အကြုံများဖြင့် ဆွေးနွေးကြကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ






ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အာရေဗီးကားကော်ဖီစေ့စစ်စစ်ကိုသာအသုံးပြုထားကြောင်း အာမခံပါသည်။

STARMART MANDALAY Wholesale




STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ အောင်မြေသာစံ၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဆင်ရွာလေးကျေးရွာနေ ဦးမင်းမင်း-ဒေါ်သင်းသင်းဆွေ တို့၏သား **မောင်စိုင်းမင်းဦး(၉/မတရ(နိုင်)၂၃၉၀၄၇)**သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမင်းမင်း (၉/မတရ(နိုင်)၁၁၁၆၆၉)**

**ဒေါ်သင်းသင်းဆွေ (၉/မတရ(နိုင်)၁၁၁၆၇၄)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ငရုတ်သီး ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုခါနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်...

❖ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/ ၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# (၇၆)နှစ်မြောက် တပ်မတော်(ရေ)နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၆)နှစ်မြောက် တပ်မတော်(ရေ)နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်(ရေ)၏ (၇၆)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်၏ ရေကြောင်းဆိုင်ရာအကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝ ကာကွယ် စောင့်ရှောက်ရန်အတွက် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့သို့ စစ်ရေယာဉ်များ လွှဲပြောင်းတပ်တော်ဝင်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အမှတ်(၃)ရေတပ် ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**


Central Hotel
YANGON



အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇

ကုမ္ပဏီအစည်းအဝေးများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အစည်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..